# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၆၉)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် ၁၄ ရက် ၊ ၂၅-၅-၂၀၂၅၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို စစ်ဆေးမှာကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေး

နေပြည်တော် မေ ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ✻

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၄**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ မေ ၂၅ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

## စိုက်ပျိုးရေး၊ မွေးမြူရေးလျာထားချက်များ ပြည့်မီရေး ဆောင်ရွက်လျက်ရှိ

မန္တလေးလျှင်ကြီးကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှာ ထိခိုက်ပျက်စီးမှုများအပေါ် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်မည့်အစီအစဉ်များ ဆွေးနွေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အလားတူ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရေး၊ မွေးမြူရေးလျာထားချက်များ ပြည့်မီရေးအတွက် လိုအပ်သည့် သွင်းအားစုများဖြည့်ဆည်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် လက်ရှိသီးနှံများစိုက်ပျိုးသည့်ကာလအတွင်း နေပြည်တော်၊ တိုင်းဒေသကြီး ပြည်နယ်များအားလုံး၌ လျာထားချက်ပြည့်မီမှန်ကန်အောင် စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများ၊ လိုအပ်ချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆွေးနွေးတင်ပြသွားရန်ဖြစ်ပြီး ကော်မရှင်အနေဖြင့် လိုအပ်သော လမ်းညွှန်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးညိုစောက မေ ၂၂ ရက် မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ တတိယအကြိမ်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၄)တွင် နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧက ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ထွက်ရှိစေရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်လာစေရေး ပိုင်းဝန်းကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း လမ်းညွှန်မှာကြားခဲ့သည့်အတွက် ကော်မရှင်ဝင်များ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ပြီး လိုအပ်ချက်ကို တင်ပြဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း၊ ငလျင်ထိခိုက်မှုမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲက မေ ၂၀ ရက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် မိမိတို့၏ တင်ပြချက်များသည် အချက်အလက်များ မှန်ကန်မှုရှိရန်နှင့် မြေပြင်အချက်အလက်များနှင့် ကိုက်ညီမှုရှိရန်လိုအပ်ကြောင်း၊ အချက်အလက်များမှန်ကန်မှုရှိမှသာလျှင် နောင်တွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များအတွက် မှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် Agro-Base Industry ကိုသွားနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပမာအားဖြင့် ဝါစိုက်ပျိုးမှုကို အောင်မြင်အောင်ဆောင်ရွက်ပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဝါမှ ချည်ထည် ၎င်းမှ ပိတ်စအထည်အလိပ် လုပ်ငန်းစဉ်တစ်ခုလုံး ဆောင်ရွက်၍ရကြောင်း အလားတူဝါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်၍ရနိုင်ကြောင်း၊ လမ်းညွှန်ထားပါကြောင်း ပြောကြားခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလျာထားချက်များပြည့်မီရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုရှိစေရန်၊ ဆီထွက်သီးနှံများအထွက်နှုန်းမြင့်မားစေရန်နှင့် သီးထပ်စွမ်းအားများ ရာနှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း



**မန္တလေး မေ ၂၄**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှမြတဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆန်၊ ဆား၊ ကြက်သွန် အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းမှုကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါလှူဒါန်းမှုကို ရန်ကုန်မြို့ ဝိုင်-အမ်-ဘီ-အေ အသင်းကြီးမှ နာယကအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များက စောမွန်လှမြတဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူကြသော နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒအမှူးရှိသော သံဃာတော်များ၊ ရှင်သာမဏေများ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆန်၊ ဆား၊ ကြက်သွန်အစရှိသော လှူဖွယ်ပစ္စည်းများနှင့်တကွ နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

လှူဒါန်းမှုအစုစုအတွက် နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒထံမှ သီလတရားများ နာယူဆောက်တည်လျက် ရေစက်သွန်းချလှူဒါန်းခဲ့သည်။ အဆိုပါကျောင်းတွင် ရဟန်းသံဃာ၊ ရှင်သာမဏေနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများ သီတင်းသုံးနေထိုင်တော်မူကြပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ရှမ်း၊ ပအိုဝ်၊ ပလောင် အစရှိသော တိုင်းရင်းသားများအပါအဝင် ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ခန့်ကို ဆရာမ ၃၅ ဦးဖြင့် သူငယ်တန်းမှ အဋ္ဌမတန်းအထိ ပညာဒါနသင်ကြားပေးလျက်ရှိကြောင်း လိုအပ်သောပစ္စည်း ၄ ပါးနှင့် ပညာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အကျိုးတော်ဆောင်အဖွဲ့ထံ ၀၉-၄၀၂၅၉၈၃၅၁၊ ၀၉-၄၀၂၅၇၆ ၄၉၉ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ၉၁လမ်း၊ ၃၇ လမ်းနှင့် ၃၈လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ အကွက်(၅၀၈)၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ဘုရားကြီးတောင်ဘက်မုခ်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို မေ ၂၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ သင်္ဘောပတ်လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၇ လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြား၊ (ဃ)ရပ်ကွက်တို့တွင်လည်းကောင်း၊ မေ ၂၇ရက်တွင် မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ၉၁ လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ အမှိုက်စုတောင် မယ်ဇယ်တန်းတို့တွင်လည်းကောင်း၊ မေ ၂၈ရက်တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဃ-၄)၊ ၆၄လမ်းနှင့် ၁၁၁လမ်းထောင့်၊ မြို့သစ်(၄)ရပ်ကွက်တို့တွင်လည်းကောင်း၊ မေ ၂၉ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ ၅၄လမ်းနှင့် ၁၃၃လမ်းထောင့်၊ (ဓ)ရပ်ကွက်တွင်လည်းကောင်း၊ မေ ၃၀ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ ဆေးရုံမြောက်ဘက်၊ မဟာဂန္ဓာရုံအနောက်ပေါက်၊ မေ ၃၁ရက်တွင် မဟာအောင်မြေမြို့နယ်၊ တက္ကသိုလ်ရပ်ကွက်၊ ၇၃လမ်း၊ တက္ကသိုလ်လေ့ကျင့်ရေးကျောင်းရှေ့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖ-၈/၉)၊ ၅၉လမ်း၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ ကန်သာယာရပ်ကွက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

စိမ်းလန်းစိုပြည်လှပစေဖို့
သန့်ရှင်းသောကမ္ဘာမြေကို စောင့်ရှောက်စို့။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်က တပ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြစဉ်။

❖ **စစ်သည်တစ်ဦးချင်းအနေဖြင့် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ပိုင်နိုင်စွာ တတ်မြောက်ရမည်၊ တပ်ဆင်ပေးထားသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်၊ ထိုသို့ ဆောင်ရွက်သွားမည်ဆိုပါက အရည်အချင်းရှိသည့် တပ်ရင်း၊ တပ်ဖွဲ့များ ဖြစ်လာမည်**

❖ **လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွားဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာနယ်မြေအလိုက်ရှိ နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်**

✻ ရှေ့ဖုံးမှ

ဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်က တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လုံခြုံရေး၊နယ်မြေ စိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု အခြေအနေများ၊ နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများ မရှိစေရေး၊ တရားဥပဒေစိုးမိုးရေး၊ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်နေသူများ မရှိစေရေး အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မဲခေါင်မြစ်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ဒေသလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေး၊ တရားမဝင်လူကုန်ကူးမှုများမရှိစေရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများအားပြင်ပပေါက်ဈေးထက်သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေးနိုင်မှုနှင့် အခြားလိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

**ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့်ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်များအလိုက် မိမိတို့ တာဝန်ယူထားရသည့် နယ်မြေအတွင်း စစ်ဆင်ရေး၊ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ရန် လိုကြောင်း၊ ဒေသတွင်းလုံခြုံရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ပတ်သက်လာပါက အစဉ်အမြဲဂရုပြုနေရန်နှင့် အလေးအနက်ထား ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရန် လိုအပ်မည်ဖြစ်ပြီး တစ်ဦးချင်းစီအလိုက်၊ တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးသင်တန်းကျောင်းများကလည်း အမြဲမပြတ်လေ့ကျင့်ပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သောခေါင်းဆောင်များ ကိုယ်တိုင်က စည်းကမ်းကောင်းမှသာလျှင် စည်းကမ်းကောင်းမွန်ပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားကောင်းမွန်သည့်တပ်များဖြစ်လာမည်ဖြစ်ကြောင်း။

တပ်ဌာနချုပ်များ၊ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသည့် တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှုများကိုလည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နယ်မြေဒေသ၏ မြေအနေအထားနှင့် သတင်းအချက်အလက်များ၊ လမ်းပန်းဆက်သွယ်ရေး ဆိုင်ရာများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အချင်းချင်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ထားမှသာလျှင် အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ လုပ်သင့်သည်များကို မှန်မှန်ကန်ကန် ဆောင်ရွက်နေမည်ဆိုပါက မည်သည့်စစ်ဆင်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကိုမဆို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**တပ်မိသားစုဝင်များ၏ သက်သာချောင်ချိရေးဖြည့်ဆည်းဆောင်ရွက်ပေးရမည်**

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ထောက်ပံ့ငွေများကို တိုးမြှင့်ပေးလျက်ရှိကြောင်း၊ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ပေးခြင်းဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိမှုကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အနီးကပ်ကြပ်မတ်ကွပ်ကဲနေရသည့်တပ်မှူးများအနေဖြင့် မိမိတပ်နှင့် မိမိစစ်သည်များ၏ လုပ်ငန်းခွင်အခက်အခဲများ၊ အုပ်ချုပ်မှုဆိုင်ရာ အခက်အခဲများနှင့် စားဝတ်နေရေးဆိုင်ရာ အခက်အခဲများကို စဉ်ဆက်မပြတ် စောင့်ကြည့်အကဲခတ်သိရှိနေရန်လိုပြီး တတ်နိုင်သရွေ့ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်တစ်ဦးချင်း၏ စားရေး၊ နေရေး၊ ဝတ်ရေး၊ ကျန်းမာရေးတို့ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီးဖြစ်သည့်အတွက် ၎င်းတို့၏ လူနေမှုဘဝ မြှင့်တင်ရေးနှင့် စည်းကမ်းစနစ်တကျ နေထိုင်သွားလာစားသောက်မှုဖြစ်စေရေးအတွက် အနီးကပ်ကွပ်ကဲနေရသည့် တပ်မှူးများက ထိန်းသိမ်းတည့်မတ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

စစ်သည်တစ်ဦးချင်း အနေဖြင့် သင်ကြားပေးထားသည့်စစ်အတတ်ပညာများကို ပိုင်နိုင်စွာ တတ်မြောက်ရမည်၊ တပ်ဆင်ပေးထားသည့် လက်နက်ကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်၊ ရဲစွမ်းသတ္တိရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်သွားမည်ဆိုပါက အရည်အချင်းရှိသည့် တပ်ရင်း၊ တပ်ဖွဲ့များ ဖြစ်လာမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် ဒေသဖွံ့ဖြိုးရေး၊ နယ်မြေခံလူထု၏ အကျိုးစီးပွား ဖော်ဆောင်ရေးတို့ကိုလည်း သက်ဆိုင်ရာနယ်မြေအလိုက်ရှိ နယ်မြေခံ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် (တောင်ကြီး) ဒုတိယပါမောက္ခချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစိတ္တာဘိပါလ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ် (ပန်ကွဲ) ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် လောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်(ပန်ကွဲ) ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် လောကသရဖူစေတီတော်မြတ်ကြီးဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ ကျိုင်းတုံမြို့ တူးယားကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ အမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

**ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် ဆည်းပူးခြင်း**

အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက တူးယားကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်တို့ကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ပရိဝုဏ်တော်၌ ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို သံဃာတော်များထံ သာဟတ္ထိကဒါနမြောက် လက်ရောက် ဆက်ကပ်ပူဇော်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားတက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများအား သံဃာတော်အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို သံဃာတော်များထံ သာဟတ္ထိကဒါနမြောက် လက်ရောက်ဆက်ကပ်ပူဇော်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် (တောင်ကြီး) ဒုတိယပါမောက္ခချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစိတ္တာဘိပါလ ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

စာမျက်နှာ ၅ သို့ ◆



နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ သီလဓမ္မဆေးရုံတော် မင်္ဂလာမော်ကွန်းကမ္ပည်းတော်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



◆ စာမျက်နှာ ၄ မှ

ဌာပနာတော်သွင်းလှူပူဇော်ခြင်း

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းအဖြစ် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဆက်လက်ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် သတ်မှတ်နေရာအသီးသီးတွင် နေရာယူ၍ ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို လက်ဆင့်ကမ်းပင့်ဆောင်၍ စေတီတော်မြတ်ကြီးအားလက်ယာရစ်ပင့်ဆောင်ပူဇော်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို လက်ဆင့်ကမ်းပင့်ဆောင်၍ လောကသရဖူစေတီတော်မြတ်ကြီးအား လက်ယာရစ်ပင့်ဆောင်ပူဇော်ကြစဉ်။

ဆက်လက်၍ ဆရာတော်ကြီးများနှင့် ဘုရားဒါယကာများက ဌာပနာတော်တိုက်သို့ ကြွရောက်တော်မူကြပြီး မင်္ဂလာအချိန်တွင် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဝစီပိတ်ဆရာတော်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရတနာသရဖူတော်ကြီးနှင့် ဌာပနာတော်များကို သွင်းလှူပူဇော်ပြီး ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ "ဇယန္တော ဗောဓိယာ မူလေ" အစချီသည့် ဇယမင်္ဂလာ အောင်ဂါထာများကို ရွတ်ဆိုပူဇော်ကြပြီး ဘုရားဒါယကာများနှင့် ဗိသုကာပညာရှင်များက ဌာပနာတော်တိုက်ကို ပိတ်ကြသည်။

ယင်းနောက် အခမ်းအနားမှူးက "အောင်ဆုမင်္ဂလာအမျှဝေစာတမ်း"ကို ဖတ်ကြား၍ အမျှပေးဝေခြင်းနှင့် နတ်ဗြဟ္မာများအား ပြန်လည် ပို့ဆောင်ပြီးနောက် လောကသရဖူစေတီတော် ဌာပနာတော်သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု"သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က လောကသရဖူစေတီတော်မြတ်ကြီး ဌာပနာတော် သွင်းလှူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနား အောင်မြင်စွာ ပြီးမြောက်ခြင်းအဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည်လောကသရဖူစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

**သီလဓမ္မဆေးရုံတော်ဖွင့်လှစ်ခြင်း**

ထို့နောက် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ အသစ်ဆောက်လုပ်ပြီးစီးခဲ့သည့် သီလဓမ္မဆေးရုံတော် ဖွင့်လှစ်ခြင်း အခမ်းအနားကို ဆက်လက်ပြုလုပ်ရာ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဉာဏသိရီက သီလဓမ္မဆေးရုံတော် ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျိုင်းတုံဒေသခံ အာခါတိုင်းရင်းသားလူမျိုး အကြီးအကဲ ဦးမင်းညိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် မင်္ဂလာအချိန်ရောက်သည့်အချိန်တွင် ဝစီပိတ်ဆရာတော်ကြီး၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သီလဓမ္မဆေးရုံတော်ကို မင်္ဂလာဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



ဝစီပိတ်ဆရာတော်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က သီလဓမ္မဆေးရုံတော်ကို မင်္ဂလာဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သီလဓမ္မဆေးရုံတော် မင်္ဂလာမော်ကွန်းကမ္ပည်းတော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူးက မင်္ဂလာမော်ကွန်းကမ္ပည်းတော်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် သီလဓမ္မဆေးရုံတော်အတွင်း လှည့်လည်ကြည့်ရှု၍ သီလဓမ္မဆေးရုံတော် တည်ဆောက်နေစဉ်ကာလအတွင်း သီလဓမ္မဆေးခန်း ဖွင့်လှစ်ကုသပေးခဲ့မှုအခြေအနေများ၊ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် လက်ရှိကာလအထိ ပြင်ပလူနာအဖြစ်ကုသပေးခဲ့မှုအခြေအနေများ၊ ပန်ကွဲတောင်ပေါ်နှင့် ပတ်ဝန်းကျင်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ပေးရန်၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း လာရောက်တရားအားထုတ်သူများ၊ ဘုရားဖူးလာ ရဟန်းရှင်လူများအတွက် ခရီးသွားကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် သီလဓမ္မဆေးရုံတော်ကို တည်ဆောက်ခဲ့မှုအခြေအနေများ၊ အထူးကြပ်မတ်ကုသဆောင်၌ လူနာများကုသရာတွင် ပြည်တွင်း၊ ပြည်ပမှ အထူးကျွမ်းကျင်သည့် ဆေးပညာရှင်များနှင့် အွန်လိုင်းမှ တစ်ဆင့် ဆွေးနွေးတိုင်ပင်ကုသခြင်းစနစ် (Teleconsultation) ဖြင့် ဆေးကုသမှုများ ဆောင်ရွက်ပေးထားရှိမှုနှင့် လူနာခန်းများ၊ ခွဲစိတ်ကုသခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အခမ်းအနားများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သီလဓမ္မဆေးရုံတော်အတွင်း လှည့်လည်ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ဒေသတွင်းမှထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင်ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်

နေပြည်တော် မေ ၂၄

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများအား ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တင်ပြဆွေးနွေး

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး (ကျိုင်းတုံ) ဦးဇော်လွင်ဦးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း လူဦးရေစာရင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နွေစပါးနှင့် မိုးစပါးသီးနှံအား ပန်းတိုင်အထွက်နှုန်းအတိုင်းရရှိရေးဆောင်ရွက်လျက်ရှိမှု၊ တောင်သူများထံသို့ မျိုးစေ့ချက်ကိရိယာများနှင့် မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့မှု၊ ဒေသတွင်း ဆီဖူလုံမှုနှင့် ဆီထွက်သီးနှံများပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပဲပုပ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးဆောင်ရွက်လျက်ရှိမှု၊ စားဖိုဆောင်သီးနှံများအား စိုက်ပျိုးထုတ်လုပ်လျက်ရှိမှုနှင့် အခြားသီးနှံများဖြစ်သည့် ပြောင်း၊ ကော်ဖီ၊ လက်ဖက်၊ ရော်ဘာ စိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပသို့တင်ပို့ရောင်းချနိုင်မှု၊ ကုန်းမြင့်လယ်ယာမြေများဖော်ထုတ်ပေးလျက်ရှိမှု၊ အရိပ်ရလေကာပင်များ စိုက်ပျိုးလျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ တိရစ္ဆာန်အစာထုတ်လုပ်ခြင်းများ ဆောင်ရွက်၍ ဒေသတွင်းဖြန့်ဖြူးထုတ်လုပ်ရောင်းချပေးလျက်ရှိမှု၊ MSME လုပ်ငန်းများတိုးတက်ရေးအတွက် ချေးငွေများ ထုတ်ပေးထားရှိမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထောက်ပံ့ငွေမှ ထုတ်ချေးပေးထားမှု၊ ဒေသတွင်း တရားမဝင်ကုန်သွယ်မှုများဖော်ထုတ်ဖမ်းဆီးရရှိခဲ့မှု၊ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများမှ ဝင်ငွေရရှိမှု၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများမှ လျှပ်စစ်ဓာတ်အားများထုတ်လုပ်လျက်ရှိမှုနှင့် တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၄ ခုနှစ်အတွင်း တက္ကသိုလ်ဝင်တန်းများဖြေဆိုအောင်မြင်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ တက္ကသိုလ်ကောလိပ်များ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသတွင်း အားကစားကဏ္ဍတိုးတက်စေရေး အားကစားအမျိုးအစားအလိုက် ပြိုင်ပွဲများကျင်းပပြုလုပ်ပေးလျက်ရှိမှု၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကျိုင်းတုံ-လွယ်မွေလမ်းချော်မွေ့ကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ပြီးစီးမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများက ကျိုင်းတုံမြို့တွင် နေထိုင်သူ လူဦးရေများပြားလာခြင်းနှင့်အတူ ပြည်သူများကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျိုင်းတုံမြို့ရှိ ခုတင်-၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးကို ခုတင် -၃၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ လွယ်မွေမြို့ရှိ တိုက်နယ်ဆေးရုံကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ လွယ်မွေရေကန်သန့်ရှင်းမှုရှိစေရေးနှင့် ကျွဲနွားများဝင်ရောက်မှု မရှိစေရေးအတွက် ခြံစည်းရိုး ကာရံပေးစေလိုမှုတို့နှင့်ပတ်သက်၍ တင်ပြကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်နှင့်ခရိုင်အဆင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြသည်။

## မြို့မိမြို့ဖများ၏တင်ပြချက်များနှင့် ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းပြောကြား

ယင်းနောက် မြို့မိမြို့ဖများ၏တင်ပြချက်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ပြန်လည်ရှင်းလင်းပြောကြားရာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မြေအသုံးချမှုဆိုင်ရာကိစ္စရပ်များ၊ မြေများအား အကြောင်းအမျိုးမျိုးဖြင့်အသုံးချရာတွင် မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုအပ်မှု၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ခွင့်ပြုထားသည့် သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်ရန်လိုအပ်မှု၊ မြေအသုံးချမှုနှင့်ပတ်သက်၍ လုပ်ထုံး လုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်မည်ဆိုပါက နိုင်ငံအကျိုး၊ ဒေသအကျိုးအတွက် ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမြေများကို အခြားနည်းဖြင့်အသုံးပြုမည်ဆိုပါက လယ်ယာမြေဥပဒေနှင့်အညီသာ ဆောင်ရွက်ရန်လိုအပ်မှုတို့ကိုလည်းကောင်း၊ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအတွင်းသစ်တောဧရိယာဖုံးလွှမ်းမှု၊ ဝါးသယံဇာတများပြားစွာရှိသည့်နိုင်ငံတစ်ခုဖြစ်ပြီး ယခုနောက်ပိုင်းတွင် ဝါးထုတ်လုပ်မှုအနေဖြင့် ကျဆင်းလာလျက်ရှိသည်ကို တွေ့ရှိရမှု၊ ရှမ်းပြည်နယ်အတွင်း ဝါးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံနှင့် ဒေသတွင်းအတွက် အကျိုးများစွာဖြစ်ပေါ်စေနိုင်မှု၊ နှစ်အလိုက်သစ်တောဖုံးလွှမ်းမှုဧရိယာများ ပြုန်းတီးပျက်စီးလျက်ရှိမှုနှင့် သဘာဝသစ်တောသစ်ပင်များကို ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ရာသီဥတုမျှတကောင်းမွန်မှု၊ စိမ်းလန်းစိုပြည်မှုနှင့် အခြားအကျိုးရလဒ်များကို ယင်းဒေသကပင် ခံစားရမည်ဖြစ်သဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ နယ်စပ်ဖြတ်ကျော်မြူခိုးထိန်းချုပ်ရေးနှင့်ပတ်သက်၍ မြန်မာ၊ ထိုင်း၊ လာအို သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခင်နှစ်များထက် လျော့ကျလာသည်ကို တွေ့ရှိရမှု၊ တောင်ယာမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းများမရှိစေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်မှုတို့ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသအတွင်း အခြေခံကျောင်းများ ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိမှု၊ ကောလိပ်နှင့် တက္ကသိုလ်များဖွင့်လှစ်သင်ကြားလျက်ရှိမှု၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများဖွင့် လှစ်ပေးထားမှုနှင့် အဆိုပါကျောင်းများ၌ ကျောင်းသားများ တက်ရောက်ကြစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုမှု၊ ကျောင်းများ၌ သောက်သုံးရေများ လုံလောက်စွာရရှိရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်မှုရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု၊ အခြေခံပညာကျောင်းများ၌ ကျောင်း သားကျောင်းသူများ လာရောက်အပ်နှံလျက်ရှိမှုနှင့် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်စေရေး မိဘပြည်သူများနှင့် ဌာနဆိုင်ရာများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုမှုတို့ကိုလည်းကောင်း ပြန်လည်ရှင်းလင်းပြောကြားကြသည်။

စာမျက်နှာ ၇ သို့ ★

★ **နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို အလေးပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ၌ ပညာသင်ကြားကြစဉ် ဆရာ၊ ဆရာမများ သင်ကြားပေးလိုက်သည့်သင်ခန်းစာများ၌ ကျောင်းစာများသာမက စည်းကမ်းများလည်းပါဝင်ကြောင်း၊ ကလေးငယ်များအနေဖြင့် အမျိုးသားစည်းကမ်းနှင့်ပတ်သက်၍ အလေ့အကျင့်ကောင်းများရရှိအောင် စာသင်ကျောင်းများမှ ဆောင်ရွက်ပေးရမည်**

★ စာမျက်နှာ ၆ မှ

### တင်ပြချက်များအပေါ်တွေ့ရှိချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှာကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိအနေဖြင့်ကျိုင်းတုံဒေသသို့ရောက်ရှိသည့်အချိန်တိုင်း၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ပြည်နယ်၊ ခရိုင်အဆင့်တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကိုတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ပြောဆိုမှာကြားမှုများအနက် သိသင့်သိထိုက်သည်များကို မြို့နယ်အဆင့်အထိ ပျံ့နှံ့အောင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိအနေဖြင့် ဒေသများအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျိုင်းတုံမြို့ရှိ ခုတင်-၂၀၀ ဆံ့ ဆေးရုံကြီးအား ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ရန်အတွက် ကျွမ်းကျင်မှုရှိသည့် ဆရာဝန်ကြီးများလည်းလိုအပ်ကြောင်း၊ ကျိုင်းတုံမြို့ဆေးရုံကြီးအား အဆင့်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လွယ်မွေဆေးရုံအဆင့်မြှင့်တင်လိုခြင်းနှင့် ပတ်သက်၍ ကျိုင်းတုံ-လွယ်မွေ ဆက်သွယ်ရေးလမ်းကြောင်းကို အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ကြောင့်သွားလာမှုအဆင်ပြေမှုရှိသည့်အတွက် လွယ်မွေဆေးရုံ၌ တက်ရောက်ကုသသူ ဦးရေနည်းပါးမှုနှင့် ဆရာဝန်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မှုအခြေအနေများအရ လွယ်မွေဆေးရုံအား အဆင့်မြှင့်တင်ရန် ပြန်လည်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ဒေသတစ်ခုချင်းစီမှစ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို မဖြစ်မနေ မြှင့်တင်အားပေးရမည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတို့၌ တိုးတက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ဒေသတစ်ခုချင်းစီမှစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတွင် ပညာတတ်များပေါများကြွယ်ဝရန်မဖြစ်မနေလိုအပ်ကြောင်း**၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျောင်းနေရာခိုင်နှုန်းနည်းပါးပြီး တန်းစဉ်ကူးပြောင်းမှုများလည်း နည်းပါးသည်ကို တွေ့ရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနည်းပါးရခြင်းမှာ ဘာသာစကားအခက်အခဲ၊ မိဘများ၏ စီးပွားရေးအခက်အခဲများကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ **ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်မည့် ပညာတတ်လူသားအရင်းအမြစ်များပေါများကြွယ်ဝရန်လိုပြီး ဒေသတွင်းမှထွက်ပေါ်လာသည့် ပညာတတ်လူသားအရင်းအမြစ်များအနေဖြင့် ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဖော်ဆောင်ပေးနိုင်ရမည်၊ လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း**၊ မိမိ တာဝန်ယူဆောင်ရွက်ချိန်တွင် တိုင်းရင်းသားဒီဂရီကောလိပ်တွင် တက်ရောက်အောင်မြင်သူများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြန်လည်နေရာချထားပေးနိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်နယ်များ၌ ပညာရေးဝန်ထမ်းများ အားနည်းချက်များရှိသဖြင့် ၎င်းတို့နှင့်နီးစပ်သည့်နေရာဒေသများအလိုက် နေရာချထားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံတော်တာဝန်ထမ်းဆောင်နေချိန်၌ ဆရာ ဆရာမများအတွက် ရရှိသည့်ဘွဲ့လွန်နှင့်ဒီဂရီတို့ကို မူတည်၍ချီးမြှင့်ခြင်းများကို ဆောင်ရွက်ပေးထားကြောင်း၊ နယ်စပ်ဒေသများ၌ ကျောင်းနေအရွယ်ကလေးများသည် မူလတန်းအဆင့်အထိသာ ကျောင်းတက်ရောက်ပြီး ကျောင်းထွက်သွားမှုများ များပြားကြောင်း၊ မိမိတို့အနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို အလေးပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ၌ ပညာသင်ကြားကြစဉ် ဆရာ ဆရာမများ သင်ကြားပေးလိုက်သည့်သင်ခန်းစာများ၌ ကျောင်းစာများသာမက စည်းကမ်းများလည်း ပါဝင်ကြောင်း၊ ကလေးငယ်များအနေဖြင့် အမျိုးသားစည်းကမ်းနှင့်ပတ်သက်၍ အလေ့အကျင့်ကောင်းများရရှိအောင် စာသင်ကျောင်းများမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ပေါ်စေရေးအတွက် ပညာတတ်များ ပေါ်ကြွယ်ဝအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သကဲ့သို့ သင်ကြားပေးသည့် ဆရာ ဆရာမများသည်လည်း အရည်အချင်းပြည့်ဝရန်လိုအပ်မည်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်နိုင်မည်ဆိုပါက အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ပြီး ဒေသ၏အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic နည်းပညာများကို သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ကွန်ပျူတာနှင့်နည်းပညာကို ပေါင်းစပ်ထားသည့် Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုရှိခဲ့ကြောင်း၊ ထို့ပြင် တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သူများ တက်ရောက်နိုင်ရေး Polytechnic Institute ကိုလည်း ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပထမနှစ်တက်ရောက်အောင်မြင်ပြီးပါက အသိအမှတ်ပြုလက်မှတ် Certificate ရရှိမည်ဖြစ်ကာ နောက်ထပ် နှစ်နှစ်တက်ရောက်အောင်မြင်ပြီးပါက ဒီပလိုမာဘွဲ့ရရှိမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် Polytechnic University သို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်သူများ တက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုးရေးနှင့် နည်းပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ Polytechnic နည်းပညာများကို သင်ကြားခြင်းဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများကို မွေးထုတ်နိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ ပိုမိုပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ ပညာရေးမြှင့်တင်မှုနှင့်ပတ်သက်၍ လုပ်ငန်းများကိုအောင်မြင်အောင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း။

### ဒေသ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အမှန်တကယ်အလုပ်လုပ်ကြရန်လို

စိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်းလေးသွယ်ကို ပြည့်စုံအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို Grade –10၊ Grade–11 နှင့် Grade –12 တို့တွင် အခြေခံထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသတွင်း အခြေခံစားကုန်များ ကုန်ဈေးနှုန်းကျဆင်းအောင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထိုသို့ ကုန်ဈေးနှုန်းများကျဆင်းရန်အတွက် ကုန်ထုတ်လုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျိုင်းတုံဒေသအတွင်း နွေစပါး၊ မိုးစပါးများကို ဒေသတွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရန်လိုပြီး Eating Quality ကောင်းမွန်အောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ စပါးစိုက်ပျိုးမှုများမှာ ပန်းတိုင်ရည်မှန်းချက်အတိုင်းပြည့်မီပါက ဒေသတွင်းစားရေးဖူလုံသည်သာမက ပိုလျှံလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ခန့် တိုးတက်လာမည်ကို တွက်ချက်မှုများအရတွေ့ရှိရကြောင်း၊ အလားတူ သီးထပ်စွမ်းအားများ ရာနှုန်းပြည့် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများရရှိအောင်ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များ အသုံးပြုစိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

### ဒေသတွင်းပေါ်ကြွယ်ဝသည့် ဝါးသယံဇာတများကို အကျိုးရှိစွာအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသ၌ ဝါးသယံဇာတများစွာရှိသည့်အတွက် ဝါးနှင့်ပတ်သက်သည့်ထုတ်ကုန်များကို ထုတ်လုပ်၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့်- ဝါးပျော့ဖတ်ထုတ်ကုန်များ၊ ဝါးဖြင့်ပြုလုပ်ထားသည့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကိုလည်း ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ အလားတူ ကြိမ်နှင့်ပတ်သက်သည့် ထုတ်ကုန်များနှင့် ဒေသတွင်းအောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးရေးထုတ်ကုန်များကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရေးအတွက်လည်း ကျိုင်းတုံ၊ တာချီလိတ်နှင့် မိုင်းဆတ် လေဆိပ်များကိုအဆင့်မြှင့်တင်ခြင်းနှင့် လမ်းပန်းဆက်သွယ်မှုများ အဆင်ပြေချောမွေ့အောင် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုင်းပြည်တစ်ခုတိုးတက်ရေးအတွက် GDP သည်အရေးကြီးပြီး နိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများထက် လျော့နည်းလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ယခုထက် ပိုမိုကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဒေသတွင်းနေထိုင်ကြသည့်ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးက ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရေးကြီးသည်မှာ ဒေသတွင်းနေထိုင်သူများက အမှန်တကယ်အလုပ်လုပ်ကြရန်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည်မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ကျိုင်းတုံဒေသ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့်အခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ကိုယ်ပိုင်လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါကလည်း နိုင်ငံတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

★ **တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သူများ တက်ရောက်နိုင်ရေး** Polytechnic Institute **ကိုလည်း ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပထမနှစ်တက်ရောက်အောင်မြင်ပြီးပါက အသိအမှတ်ပြုလက်မှတ်** Certificate **ရရှိမည်ဖြစ်ကာ နောက်ထပ် နှစ်နှစ်တက်ရောက်အောင်မြင်ပြီးပါက ဒီပလိုမာဘွဲ့ရရှိမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့်** Polytechnic University **သို့ ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်သူများ တက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုးရေးနှင့် နည်းပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊** Polytechnic **နည်းပညာများကို သင်ကြားခြင်းဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား ကျောင်းသူများကို မွေးထုတ်နိုင်မည်ဖြစ်သကဲ့သို့ စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ ပိုမိုပေါ်ထွက်လာမည်**

★ **မိမိတို့နိုင်ငံ၌ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော်ခန့် တိုးတက်လာမည်ကို တွက်ချက်မှုများအရတွေ့ရှိရ**

★ **သီးထပ်စွမ်းအားများ ရာနှုန်းပြည့် ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါကလည်း အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိလာနိုင်မည်**

★ **ဒေသတွင်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများရရှိအောင်ဆောင်ရွက်၍ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသဝင်ငွေတိုးပွားလာပြီး လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်**

★ **ဒေသတွင်း အောင်မြင်ဖြစ်ထွန်းသည့် စိုက်ပျိုးသီးနှံများကို ခေတ်မီနည်းစနစ်များအသုံးပြုစိုက်ပျိုး၍ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလို**

# သံနှင့် သံမဏိပစ္စည်းများ၏ စံချိန်စံညွှန်းများနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ





နေပြည်တော် မေ ၂၄

သံနှင့် သံမဏိပစ္စည်းများ၏ စံချိန်စံညွှန်းများနှင့် ပတ်သက်သည့် အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းဥက္ကဋ္ဌ မော်ဘီနည်းပညာတက္ကသိုလ်ပါမောက္ခချုပ်၊ စစ်ကိုင်းနည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာန ပါမောက္ခ/ဌာနမှူး၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ သံ၊ သံမဏိ ထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် ပုဂ္ဂလိက သံနှင့် သံမဏိ စက်ရုံများအနေဖြင့် ဆောက်လုပ်ရေးသုံး သံချောင်းလုံးစက်ရုံ ၅၆ ရုံ၊ အိမ်ရိုက်သံ ထုတ်လုပ်သည့် စက်ရုံရှစ်ရုံ၊ အခြားဆောက်လုပ်ရေးလုပ်ငန်းသုံး သံထည်ပစ္စည်း စက်ရုံ ၂၀ ရှိကြောင်း၊ သံနှင့် သံချောင်းလုံးများ၏ အရည်အသွေး ကောင်းမွန်မှုသာ သုံးစွဲသူများ ဘေးအန္တရာယ်ဖြစ်ပွားမှု ကင်းဝေးမည်ဖြစ်ကြောင်း၊ အသိပညာပေး ဆွေးနွေးပွဲမှ ပြည်တွင်း၌ အရည်အသွေးကောင်းမွန်သည့် သံနှင့် သံမဏိများ ထုတ်လုပ်နိုင်ရန် အတွက် လိုအပ်သည့် အသိပညာ၊ ဗဟုသုတများရရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူများ အရည်အသွေးကောင်းမွန်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲနိုင်ရေး လုပ်ငန်းရှင်များက ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် တိုင်းပြည်နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက်အားလုံးပူးပေါင်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း ဥက္ကဋ္ဌ မော်ဘီ နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်က "သံနှင့်သံမဏိ စံချိန်စံညွှန်းများဆိုင်ရာ အသိပညာပေးခြင်း"၊ စစ်ကိုင်း နည်းပညာတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဌာန ပါမောက္ခ/ဌာနမှူးက "တည်ဆောက်ရေး လုပ်ငန်းများအတွက် သံချောင်းများ၏ အရေးပါပုံ"၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း ဒုတိယ အထွေထွေမန်နေဂျာက "မြန်မာနိုင်ငံရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် သံမဏိစက်ရုံများ၏ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ"၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက "ငလျင်ဒဏ်ခံ သံမဏိ၊ ဘေးကင်းမှုနှင့် တည်ငြိမ်မှုကို ပိုမိုကောင်းမွန်စေခြင်း" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသည့် သံ၊ သံမဏိ ထုတ်လုပ်သူ လုပ်ငန်းရှင်များက သံ၊ သံမဏိများ ထုတ်လုပ်နေမှု၊ အရည်အသွေး ပြည့်မီရေးအတွက် ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သံနှင့် သံမဏိပစ္စည်းများ၏ စံချိန်စံညွှန်းများနှင့် ပတ်သက်သည့် အသိပညာပေး ဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးခဲ့သည့် ပညာရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ သုတေသနဌာနခွဲ (ပြင်ဦးလွင်) သို့ ရောက်ရှိပြီး အထက်မြန်မာပြည်ရှိ MSME များမှ ထုတ်လုပ်သော စားသောက်ကုန်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ရေများကို စမ်းသပ်စစ်ဆေးရန်နှင့် စားသောက်ကုန် ထုတ်လုပ်သူများအား နည်းပညာများ ဖြန့်ဝေပေးနိုင်ရေးအတွက်ပြင်ဆင်ဆောင်ရွက်နေမှု၊ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများ အထိုင်ချတပ်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး MSME များမှ ထုတ်လုပ်သော စားသောက်ကုန် ပစ္စည်းများကို စမ်းသပ်စစ်ဆေး ပေးနိုင်ရေးအတွက် သုတေသနဌာနခွဲ(ပြင်ဦးလွင်)ကို အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၄

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော စေတီများ၊ သာသနိကအဆောက်အအုံများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများက ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုနှင့် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်နေမှုအခြေအနေများကို လည်းကောင်း၊ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ငလျင်ဘေးဒဏ်သင့် ခရိုင်မီးသတ်ဦးစီးဌာနအားရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် Modular Office ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကိုလည်းကောင်း၊ စကုမော်ငလျင်ဘေးဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပါရမီရပ်ကွက် နှစ်(၇၀၀)ပြည့် အားကစားခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးအပ်ခြင်း အခမ်းအနားကို တက်ရောက်၍ ပြည်သူများလက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျပေးအပ်ခဲ့ပြီး နေ့ချင်းပြီးဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် မြစ်သားမြို့နယ်ရှိ အထက(ကူမဲ)တွင် ယာယီကျောင်းဆောင် အဆောက်အအုံသုံးလုံး ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် မလေးရှားနိုင်ငံ ဆေးဘက်ဆိုင်ရာ ကုသရေးအဖွဲ့အား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့ သွားရောက်၍ ယာယီရုံးခန်းဖွင့်လှစ်ထားရှိမှု၊ ယာယီရှင်းလင်းဆောင် တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်သို့ သွားရောက်၍ ဦးစီးပဓာနနာယက ဆရာတော်အား ဖူးမြော်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းတိုက်အတွင်းရှိ အလယ်တိုက် ကျောင်းတော်ကြီး၊ ဆွမ်းစားကျောင်းဆောင်နှင့် စာသင်သားကျောင်းဆောင်နေရာများတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ဥဏ္ဏဝတီသီလရှင် စာသင်တိုက် တကောင်းတိုက်သို့ လည်းကောင်း၊ အမရပူရမြို့နယ် ဆင်စွယ်ပွတ်ကျေးရွာရှိသတ္တဌာနဘုရားနှင့်တောင်လေးလုံးကျောင်းတိုက်သို့လည်းကောင်း၊ မှန်တန်းရပ်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော် ဆုတောင်းပြည့် မြတ်စွာဘုရားသို့ လည်းကောင်း၊ ဝါးတန်းမြောက်ရပ်ရှိ သက်တော်ရှ၊ သက်တော်ရှည် မြတ်စွာဘုရားသို့ လည်းကောင်း သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ အပျက်အစီးများဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ အခမဲ့ဆေးပေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရန်ကုန်-မန္တလေး လမ်းမကြီးအား မီးသတ်ယာဉ်များအသုံးပြု၍ ပရိတ်ရေပက်ဖျန်းခြင်းနှင့်အတူ လမ်းမကြီးနှင့် လမ်းဘေး ဝဲ/ယာ တစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ ဖောင်ရွာရပ်ကွက်ရှိ ကုန်းမြင့်သာစာသင်တိုက်နှင့် ရဲစုရပ်ကွက်ရှိ ဓမ္မရတနာကျောင်းတိုက်တို့ရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှု အခြေအနေများကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ အထက(ကူမဲ)တွင် ယာယီကျောင်းဆောင်အဆောက်အအုံသုံးလုံး ဆောက်လုပ်နေမှုအခြေအနေများကို လည်းကောင်း၊ ကူမဲမြို့အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူသူ ၇၃၅ ဦးရှိခဲ့ပြီး ဘိလပ်မြေအိတ် ၃၇၈၃၀၊ ၁၀ မီလီမီတာသံချောင်း ၇၆ တန်၊ ၁၆ မီလီမီတာ သံချောင်း ၁၂၃ ဒသမ ၅၀ တန်နှင့် အထပ်သားပြား ၂၄၅၃ ချပ်တို့အား စက်ရုံထုတ် အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မေ ၂၄

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှု အပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး (KK Park)နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့သည့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါနိုင်ငံသားအား သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့်စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။



ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၂၀ အား ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၄၈၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "ခင်နှင်းအိဖွေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အောင်ဆန်းရပ်ကွက်နေ ခင်နှင်းအိဖွေးအား နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် နတ်မောက်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၈)အနိုင်၊ အရှုံး | | | | (NGB) |
|---|---|---|---|---|
| ဘိုလော့ညာ | ၁ | - | ၃ | ဂျီနိုအာ |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၈)အနိုင်၊ အရှုံး | | | | (NGB) |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၀ | ဆိုစီဒက် |
| လီဂါနက်စ် | ၃ | - | ၀ | ဗယ်လာဒိုးလစ် |
| အက်စ်ပန်ညို | ၂ | - | ၀ | လာ့ပါးမားစ် |

# မြိတ်မြို့နှင့်ပုသိမ်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၂၄

မြိတ်မြို့နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ခင်လတ်ဇော် အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက်နံနက် ၇ နာရီတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် ဘုရားကိုင်လမ်းမကြီး၌ လမ်းလျှောက်လာသူ ခင်လတ်ဇော်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို သိမ်းဆည်းရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ နံနက် ၈ နာရီတွင် မြိတ်မြို့ မြိတ်တောင်ရပ်ကွက်ရှိ ၎င်း၏ နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ (တစ်ပြားလျှင် ကျပ်၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၈၀၀) ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ည ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပြင်ဦးလွင်-မန္တလေး အဆင်းလမ်းတွင် KENBO အမျိုးအစား ဆိုင်ကယ်နှင့်အတူ တွေ့ရှိသူ မတင်မာဝင်းအား စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀ ကိုသိမ်းဆည်းရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၉ နာရီတွင် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာရှိ ၎င်း၏နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀၀ (တစ်ပြားလျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၁၀) သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ သတင်းစဉ်

# ဒက္ခိဏာဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

တောင်တွင်းကြီး မေ ၂၄

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး ဒက္ခိဏာဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အစား ၎က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign) နှင့် ပလတ်စတစ် ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အသုံးပြုမှု လျှော့ချရေးအတွက် အသိပညာပေး (campaign) ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

နောင်နောင်(မိသနီးမြေ)

# Water Cooler Safeguard အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား



မန္တလေး မေ ၂၄

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ဘောဂဝတီအုပ်စု၊ ဆီဆုံရပ်ကွက်တွင် Water Cooler Safeguard အပူလွန်ကဲပြီး မီးလောင်ကျွမ်းမှု မေ ၂၂ရက် နံနက် ၁နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလွင်အေး ဦးစီး၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦးနှင့် သန္နေတပ်ဖွဲ့ဝင် ၂၅ ဦး၊ အရန်တပ်ဖွဲ့ဝင် ငါးဦးတို့သည် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး၊ ရေဂါလန် ၇၂၀၀ ဖြင့် မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ၂၇ပေ× ၂၄ပေ၊ သွပ်မိုး၊ အုတ်ညှပ်ပျဉ်ခင်း၊ နှစ်ထပ်လူနေအိမ်တစ်လုံး၊ ဆိုင်ကယ် တစ်စီးမီးလောင်ကာ လေးဦး မီးလောင်သေဆုံးခဲ့သဖြင့် ကျောက်ဆည်မြို့မရဲစခန်းမှ ဖြစ်စဉ်နှင့်ပတ်သက်၍ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၅၇)

# နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ ထပ်ဆင့်ရှင်းလင်း

**မန္တလေး မေ ၂၄**

၂၀၂၅ ခုနှစ် မေ ၁၉ ရက်နှင့် ၂၀ ရက်များက ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအား မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ထပ်ဆင့်ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့တွေ့ဆုံပြောကြားရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံပြောကြားခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး MSME လုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေး နိုင်ငံတော်၏ မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူထားသည့် ကဏ္ဍများအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်မှုရှိစေရေး အချိတ်အဆက်မိမိဖြင့် အကောင်းဆုံးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တင်ပြလာသည့် စာရင်းဇယားများ တိကျမှန်ကန်ရေး ဂရုပြုကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် နိုင်ငံတော်၏ မူဝါဒများ၊ ရည်မှန်းချက်များအတိုင်း လေးစားလိုက်နာကာ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



ဇင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဖြည့်စွက်ဆွေးနွေးအကြံပြုပြောကြားပြီးနောက် လုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေးအကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

# ရေကြောင်းလူငယ်အခြေခံ / တန်းမြင့်သင်တန်းနှင့် လေကြောင်းလူငယ်အခြေခံ / တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ၊ နည်းပြနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲများ ကျင်းပ

**နေပြည်တော် မေ ၂၄**

လေ့လာရေးခရီး သွားရောက်ခဲ့ကြသည့် ရေကြောင်းလူငယ်အခြေခံ/တန်းမြင့် သင်တန်း အမှတ်စဉ်(၁/၂၀၂၅) သင်တန်း၊ မော်လမြိုင် သင်တန်းစခန်းမှ သင်တန်းသား သင်တန်းသူများ၊ နည်းပြနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ မောရဝတီ ရေတပ်စခန်းဌာနချုပ်၌ ပြုလုပ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ကြီးကြပ်သူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး သင်တန်းတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသည့် သင်တန်းသား သင်တန်းသူများ၏ လက်တွေ့သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ လေ့လာရေးခရီးမှ ပြန်လည် ရောက်ရှိလာသည့် လေကြောင်းလူငယ် အခြေခံ/တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများ၊ နည်းပြနှင့် ကြီးကြပ်သူများအား ဂုဏ်ပြုကြိုဆိုပွဲကို မော်လမြိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်း (ရွှေနတ်တောင်)၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် ကြီးကြပ်သူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး သင်တန်းတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့အပြင် လေ့လာရေးခရီး သွားရောက်ရာမှ ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည့် ပုသိမ်လေတပ်စခန်း ဌာနချုပ် အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)မှ သင်တန်းသား သင်တန်းသူများအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးကျော်ထက်နှင့် တာဝန်ရှိသူများက သွားရောက်ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၂၄**


ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီး နိုင်သည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

မိုး/ဇလ


ယနေ့ညနေမှ ၁-၆-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




ယနေ့ညနေမှ ၁-၆-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



ယနေ့ညနေမှ ၁-၆-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ



ယနေ့ညနေမှ ၁-၆-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ





## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ OraVacs ပထမအကြိမ် တိုက်ကျွေး

**လယ်ဝေး မေ ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လယ်ဝေးမြို့နယ် အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား မိုးရာသီတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ဟန့်တားကာကွယ်ဆေး OraVacs အား ယမန်နေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ပထမအကြိမ် စတင်တိုက်ကျွေးခဲ့သည်။

အဆိုပါ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးအား ပထမ၊ ဒုတိယ၊ တတိယ သုံးကြိမ်တိုက်ကျွေးမည်ဖြစ်ပြီး လယ်ဝေးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပထမအကြိမ်အဖြစ် မေ ၁၉ ရက်မှ ၂၁ ရက်အထိ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## သီးနံ့အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**မန္တလေး မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ညောင်ဦးမြို့နယ်၊ တောင်ဘကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုနည်းပညာသင်တန်းဖြစ်သော သီးနံ့အခြေခံ တန်ဖိုးမြင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို မေ ၂၁ ရက်က ဒေသခံပြည်သူ ၁၅ ဦးဖြင့် အခမဲ့ သင်ကြားပေးလျက်ရှိသည်။

သင်တန်းတွင် ဒေသထွက် ကုန်ကြမ်းများအပေါ် အခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တတ်စေရန် ရည်ရွယ်ပြီး ဒေသထွက် ကုန်ကြမ်းများဖြစ်သည့် ဆီး၊ မန်ကျည်းအခြေခံ ဖျော်ရည်အမျိုးမျိုး၊ ထန်းရည်ပိုင်၊ ခရမ်းချဉ်သီးယို၊ ဆီးယို၊ ရှောက်သီးယို၊ သဘော်သီးယို၊ သရက်ယို၊ ရှားစောင်းလက်ပပ်ယို၊ မြေပဲယို၊ နှမ်းယို အစရှိသော ယိုမျိုးစုံပြုလုပ်နည်းများ၊ ပြောင်းဖူးအခြေခံ Snack၊ ပြောင်းဖူး မာစကတ် ပြုလုပ်နည်းများကို စာတွေ့၊ လက်တွေ့ပေါင်းစပ်သင်ကြားပေးမည် ဖြစ်သည်။



သင်တန်းကာလမှာ မေ ၂၁ ရက်မှ ၂၇ ရက်အထိ ခုနစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (ဝ၄၅)

## တောင်တွင်းကြီး၌ တစ်နိုင်တစ်ပိုင် ဝါးခြင်းတောင်းရက်လုပ်ခြင်းလုပ်ငန်းဖြင့် မိသားစုစီးပွားရေး အဆင်ပြေလျက်ရှိ

**တောင်တွင်းကြီး မေ ၂၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် မိရိုးဖလာ နှီးဝါးလုပ်ငန်းလုပ်ကိုင်ကြသူများသည် ဝါးထရံ၊ ဝါးဖျာ၊ ဝါးခမောက်၊ ဝါးကုလားထိုင်၊ ဝါးခြင်းတောင်း အမျိုးမျိုးတို့ကို တစ်နိုင်တစ်ပိုင် ရက်လုပ်ရောင်းချခြင်းဖြင့် မိသားစုစီးပွားရေးအဆင်ပြေလျက်ရှိသည်။

ဝါးခြင်းတောင်းရက်လုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သည့် ဝါးများကို တောင်တွင်းကြီးမြို့ပေါ်ရှိ ဝါးအရောင်းဆိုင်များမှ အလွယ်တကူ ဝယ်ယူရရှိပြီး ဝါးတစ်လုံးလျှင် ငွေကျပ် ၂၆၀၀ ဝန်းကျင် ပေးဝယ်ရသည်။

တောင်းရက်လုပ်ပြီးစီးမှုအနေဖြင့် တစ်နေ့လျှင် တောင်းအသေး လေးလုံး၊ အလတ် သုံးလုံး၊ အကြီး နှစ်လုံး ရက်လုပ်ပြီးစီးကြောင်းနှင့် ပုတ်တစ်လုံးရရှိရန်အတွက် တစ်နေ့ကုန်ရက်လုပ်ရကြောင်း၊ ဝါးတစ်လုံးကို လိုအပ်သလို ခွဲခြမ်းစိတ်ဖြာ၍ တောင်းရက်လုပ်ရာတွင် တောင်းအသေး သုံးလုံး၊ အလတ် နှစ်လုံး၊ အကြီး တစ်လုံးရရှိပြီး ပုတ်တစ်လုံး ရရှိရန်အတွက် ဝါးသုံးလုံးခန့်အသုံးပြုရကြောင်း၊ ဈေးနှုန်းအနေဖြင့် တောင်းအသေး တစ်လုံးလျှင် ငွေကျပ် ၆၀၀၀၊ တောင်းအလတ် တစ်လုံးလျှင် ငွေကျပ် ၉၀၀၀၊ တောင်းအကြီး တစ်လုံးလျှင် ငွေကျပ် ၁၃၀၀၀၊ ပုတ်အသေး တစ်လုံးလျှင် ငွေကျပ် ၂၅၀၀၀၊ ပုတ်အလတ်တစ်လုံးလျှင် ငွေကျပ် ၂၇၀၀၀၊ ပုတ်အကြီးတစ်လုံးလျှင် ငွေကျပ် ၂၈၀၀၀ ဖြင့် ရက်လုပ်ပေးကြောင်း နှီးဝါးလုပ်ငန်း လုပ်ကိုင်သူ ဦးနိုင်ဦးက ပြောသည်။



အဓိက အသုံးပြုသည့် ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ ဝါကြိတ်ဖတ်လုပ်ငန်း လုပ်ကိုင်ကြသူများသည် လုပ်ငန်းများ ပုံမှန်အတိုင်း လည်ပတ်နေပြီး ယခုကာလအတွင်း စပါးပေါ်ချိန်ဖြစ်သည့်အတွက် အော်ဒါမှာယူမှုများ ဆက်တိုက်ရှိနေပြီး လက်မလည်အောင် ရက်လုပ်နေရကြောင်း သိရသည်။

(ဝဲပုံ)

**နောင်နောင် (မိသနိုးမြေ)**

*-*-*-*-*

*-*-*-*-*-*-*

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**ဇမ္ဗူသီရိ မေ ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် အလျင်လို RHC ၊ အောင်ဇမ္ဗူ S/C Abate Campaign ဒုတိယမြောက်နေ့အဖြစ် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို RHC All BHS နှင့် ပဲခူး IRRT တို့ပူးပေါင်းကာ ယမန်နေ့ မွန်းလွဲပိုင်းက ဇမ္ဗူသီရိအထူးကုဆေးရုံ၊ စည်ပင်ရိပ်သာတို့တွင် သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းပြည့်သိမ်းဦးစီး၍ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် ဇမ္ဗူသီရိအထူးကုဆေးရုံနှင့် စည်ပင်ရိပ်သာအတွင်းရှိ ခြင်များ ခိုအောင်းပေါက်ဖွားမှု မဖြစ်စေရေးအတွက် သောက်သုံးရေကန်များ၊ ဘုရားပန်းအိုးများ၊ ရေအိုး၊ သောက်သုံးရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေး

**မိုင်းရယ် မေ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားဖျိုင်းကျေးရွာအုပ်စု၊ နားဖျိုင်းကျေးရွာနှင့် နားအော့ကျေးရွာ၌ အဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို မေ ၂၀ ရက် နံနက် ၁၀ နာရီက နားဖျိုင်းကျေးရွာ ဘက်စုံသုံးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ထုတ်ချေးပေးရာတွင် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေးအခက်အခဲများကို ဦးစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေအား ထုတ်ချေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အသင်းသားများထံ ရန်ပုံငွေများ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ အဌမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၃၅၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သိန်း ၂၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၇ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*

## အုန်းရည် သောက်သုံးသူများပြားလာသဖြင့် အုန်းသီးများ ဈေးမြင့်လာ

**မန္တလေး မေ ၂၄**

နွေရာသီဖြစ်၍ အုန်းရည်သောက်သုံးသူများပြားလာသောကြောင့် အုန်းသီးဈေးများမှာ ယခင်နှစ်ကထက် ဈေးမြင့်လာကြောင်း သိရသည်။

အုန်းရည်ရောင်းချသည့်ဈေးကွက်တွင် ယခင်နှစ်က တစ်ခွက်လျှင် ငွေကျပ် ၂၀၀၀-၂၅၀၀ ရှိရာမှ ယခုအချိန်တွင် တစ်ခွက်လျှင် ငွေကျပ် ၃၀၀၀-၃၅၀၀ နှုန်းဖြင့် ရောင်းချနေကြကြောင်း အုန်းရည်ရောင်းချသူများထံမှ သိရသည်။

"အုန်းသီးက အောက်ပိုင်းကနေ ဝယ်ယူရတာကြောင့် သယ်ယူပို့ဆောင်ခဈေးတက်လာတယ်။ မန္တလေးမှာ အုန်းရည်ရောင်းတဲ့ဆိုင်တွေ တိုးလာတော့ အုန်းသီးဝယ်လိုအားများပြီး ဈေးမြင့်လာတယ်။ အုန်းရည်က ဆေးဖက်ဝင်လို့ သောက်တဲ့သူတွေ တစ်နေ့တခြားပိုများလာတယ်"ဟု ၄င်းက ပြောသည်။

မန္တလေးဈေးကွက်အတွက် အုန်းရည်ရောင်းချသူများသည် ရေခဲစိမ်ရေနှင့် ရိုးရိုးအုန်းရည်ဟူ၍ နှစ်မျိုးခွဲခြားကာ ရောင်းချကြပြီး တစ်ရက်လျှင် အုန်းသီးအလုံး ၅၀ မှ ၁၅၀ အထိ ရောင်းချရသည်။



အုန်းသီးကုန်ကြမ်းမှာ မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးရှိ မော်ကျွန်း၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ စသည့်ဒေသအသီးသီးနှင့် ချောင်းသာဘက်မှလည်းထွက်ပြီး မြန်မာနိုင်ငံအနှံ့အပြားသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

(အောက်ပုံ)

**လူသစ်လေး**

# ပြန်လှည့်ကြည့်ဖြစ်တဲ့ သဏ္ဌာရာဇ်များ (၁၁၉)

သွယ်အောင်



၁၉၉၅၊ မတ်လထုတ် ရန်ကုန်သစ်မဂ္ဂဇင်းတွင် စတုတ္ထမြောက်ပုံအဖြစ် ကာတွန်းထပ်မံဖော်ပြခြင်းခံရလေသည်။ ရန်ကုန်သစ်မဂ္ဂဇင်း၏ မျက်နှာဖုံးဆောင်းပါးအဖြစ် ကိုဘီငလျင်၏ ရိုက်ခတ်မှုကို ဓာတ်ပုံဖြင့် ဖော်ပြထားသည်။ ဂျပန်နိုင်ငံတွင် နှစ်(၇၀)အတွင်း အပြင်းအထန်ဆုံးသော ငလျင်ကြီးဖြစ်၍ TIME နှင့် NEWSWEEK မဂ္ဂဇင်းတို့ကလည်း 'ကိုဘီငလျင်'ကြီးအကြောင်းကို နှစ်ပတ်တိတိ မျက်နှာဖုံးသတင်းအဖြစ် ဦးစားပေးဖော်ပြခဲ့ကြသည်။



ထူးခြားသော သဘာဝဘေးကိုဘီငလျင်သတင်းဖြစ်သောကြောင့် ကျွန်တော့်ကာတွန်းပုံဖော်ပြပါရှိခဲ့သည့် ၁၉၉၅၊ မတ်လထုတ် ရန်ကုန်သစ်မဂ္ဂဇင်း ကို တခုတ်တရ သေချာသိမ်းဆည်းထားပါသည်။

ကျွန်တော်၏ ကာတွန်းပုံမှာ ပန်းချီအနုပညာအကြောင်းကို ခံစားရေးဖွဲ့ထားသည့် ကာတွန်းဖြစ်သည်။ ထိုစဉ်က ပန်းချီလောကတွင် ရိုးရာပန်းချီနှင့်ခေတ်ပေါ်မော်ဒန်ပန်းချီ အားပြိုင်နေသော ကာလဟုဆိုရမည်။ ရိုးရာပန်းချီဖြစ်သည့် ပုဂံခေတ်နံရံဆေးရေးပန်းချီများနှင့် နိပါတ်ပန်းချီကားများမှာ မြန်မာ့ယဉ်ကျေးမှုသင်္ကေတအဖြစ် ရည်ညွှန်းဖော်ဆောင်နေစဉ် ခေတ်ပေါ်မော်ဒန်အတ်၊ အင်ပရက်ရှင်း၊ အက်စထရက် (Abostract)ဒြပ်မဲ့ပန်းချီများ ပေါ်ထွက်လာသည်။ ထိုခေတ်ပေါ်ပန်းချီရေးနည်းကို သရော်သည့်အနေဖြင့် ကာတွန်းရေးဆွဲဖြစ်သည်။

ကာတွန်းပုံမှာ ပန်းချီဆရာဖြစ်သူက သူ၏ပန်းချီကားကို သာမန်ရေးဆွဲနေခြင်းမဟုတ်ဘဲ ပန်းချီကားရှေ့တွင် လက်နှစ်ချောင်းကြမ်းပြင်ထောက်ကာ ကင်းမြီးကောက်ထောင်ပြီး ခြေမနှင့်ခြေညှိုးကြား စုတ်တံညှပ်ပန်းချီ ဆွဲပြနေသောပုံဖြစ်သည်။

ပန်းချီကားလာကြည့်သော ဧည့်သည်အား ပန်းချီဆရာ၏ မိန်းမဖြစ်သူက ယောက်ျားပန်းချီဆရာ၏ ဖြစ်စဉ်ကို ရှင်းပြကာ စကားပြောနေသောပုံဖြစ်သည်။

**'ခေတ်ပေါ်ပန်းချီရေးနည်းအသစ် တီထွင်နေတာလေ---'**ဟု ပြောဆိုလိုက်ခြင်းဖြစ်သည်။

ရန်ကုန်သစ်မဂ္ဂဇင်းတွင် လစဉ်ဆက်တိုက်ကာတွန်းများ ဖော်ပြပါရှိခဲ့သလို ရတနာပုံသတင်းစာတွင်လည်း ကာတွန်းများ ဆက်တိုက်ဖော်ပြပါရှိလာခဲ့သည်။ ၁၉၉၅၊ ဇန်နဝါရီလထဲတွင် ကာတွန်းသုံးပုံနှင့် ဖေဖော်ဝါရီလထဲတွင် ကာတွန်းငါးပုံ၊ မတ်လတွင် ကာတွန်းငါးပုံတို့ဖြစ်သည်။

ရတနာပုံသတင်းစာမှ ဘောလုံးပွဲနှင့် ပတ်သက်သည့် ကာတွန်းပုံတစ်ပုံကို အမှတ်တရဖော်ပြပေးလိုက်ပါသည်။ ဘောလုံးပွဲကျင်းပ သည့်ဘောလုံးကွင်းမှ ဆဲသံများ တာဝတိံသာအထိ လွင့်ပျံတက်လာ သည်ကို ဟာသအမြင်ဖြင့် ရေးဆွဲသောပုံဖြစ်သည်။ ကာတွန်းပုံမှ စာသားများကို ရေးမပြတော့ဘဲ ကာတွန်းပုံဖတ်ကြည့်ခြင်းအား ရယ်ရွှင်ရပါလိမ့်မည်။

ရတနာပုံသတင်းစာတွင် ဖော်ပြပါရှိသော ဖေဖော်ဝါရီလကာတွန်းပုံများထဲမှ ကာတွန်းပုံတစ်ပုံကို ဖော်ပြပေးရသော် ယင်းကာတွန်းပုံမှာ အပြုသဘောဖြင့် စည်းကမ်းမဲ့သည့် နွားမွေးပိုင်ရှင်များအား ဟာသအမြင်ဖြင့် ရေးဆွဲထားသော ပုံဖြစ်ပါသည်။ စည်းကမ်းမဲ့သူများကြောင့် စည်ပင်ဝန်ထမ်းများ အလုပ်ရှုပ်ရသောပုံဖြစ်ပြီး မြို့လယ်ခေါင်နာရီစင်အနီးတွင် စည်းကမ်းမဲ့လွှတ်ထားသော နွားများကို လိုက်ဖမ်းနေသောပုံဖြစ်သည်။

တောရွာမှ မြို့တက်လာသော တောင်သူဦးကြီးက ပြေနေသော နွားများနှင့် လူများကိုကြည့်ပြီး မြို့ပေါ်က လူတစ်ဦးကို **'နွားပြိုင်ပွဲက မြို့လယ်ခေါင်မှာ လုပ်တာနော် အတော်ကြည့်လို့ကောင်းတယ်'**ဟု ပြောဆိုလိုက်ရာ မြို့ပေါ်ကလူ **'ဟာ---ဘကလဲ အဲဒါ စည်းကမ်းမဲ့နွားတွေ စည်ပင်က လိုက်ဖမ်းနေတာပါ---'**ဟု ပြန်ပြောလိုက်သော ပုံဖြစ်သည်။




၁၉၉၅၊ မတ်လအတွင်း ဖော်ပြပါရှိသော ကာတွန်းပုံများထဲမှ ကာတွန်းပုံနှစ်ပုံကိုတော့ ဖော်ပြပေးချင်ပါသေးသည်။ တစ်ပုံမှာ (၈-၃-၁၉၉၅)ရက်ထုတ် သတင်းစာတွင် ဖော်ပြပါရှိသော ပုံဖြစ်သည်။ ပုံတွင် ရှာပြန်မည့် ဘကြီးတစ်ဦး မြေးအရွယ်ကလေးတစ်ဦး၏ လက်ကိုဆွဲကာ ငိုယိုပြီး သင်္ဘောဆိပ်အပြေးဆင်းလာသည်။

လူတစ်ဦးက မြစ်ကမ်းစပ်မှထွက်ခွာသွားသည့် သင်္ဘောအား လက်ညှိုးထိုးပြီး **'ရှာပြန်မယ့်သင်္ဘောထွက်သွားပြီ အဘရဲ့ ဘာလို့နောက်ကျနေရတာလဲ'**ဟု ပြောလိုက်ရာ ဘကြီးက **'ဈေးချိုနာရီစင်ကြီးကြည့်ပြီး လာခဲ့မိလို့ အဟီး--ဟီး--ဟီး--'**ဟု ပြန်ပြောနေသောပုံဖြစ်ပါသည်။






ဈေးချိုနာရီစင်မှ အချိန်အလွဲကို ကြုံတွေ့ရသည့် တောသူတောင်သားတို့၏ ဘဝကို ရယ်မောစရာအဖြစ် ကာတွန်းဆွဲဖြစ်ခဲ့ခြင်းဖြစ်သည်။

နောက်တစ်ပုံသစ်တောနှင့်ပတ်သက်သည့်ပုံကို ဟာသအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။ သစ်တောဌာနမှသစ်ပင်များ စည်းကမ်းမဲ့မခုတ်ကြရန် ဥပဒေစည်းကမ်းသတိပေးဆောင်ပုဒ်များ သစ်ပင်တွင် ကပ်ထားသည်ကို တွေ့ရှိ၍ ရယ်ရွှင်ဖွယ်အဖြစ် ရေးဆွဲခြင်းဖြစ်သည်။

သစ်ပင်ကြီးခွဆုံပေါ်တွင် ရုက္ခစိုးက ထိုင်နေပြီး သူ့သစ်ပင်ပေါ်မှ ဆောင်ပုဒ်ကို သဘောကျပြီး သစ်တောဌာနမှ လူအားလှမ်းစကားပြောသောပုံဖြစ်လေသည်။

**'ဒီဆောင်ပုဒ်လေးချိတ်ပြီးမှ ---ကျုပ်လည်းနေစရာအတည်တကျ ဖြစ်တော့တယ်'**ဟု ပြောဆိုနေသောပုံဖြစ်သည်။ သစ်ပင်တွင် ချိတ်ထားသော ဆောင်ပုဒ်မှာ 'သစ်ပင်ခုတ်အချုပ် ၃ လ'ဟူ၍ ဖြစ်လေသည်။






## ကုန်အညွှန်းအမှတ်အသားနှင့်စပ်လျဉ်း၍ စားသုံးသူများ သိရှိနားလည်နိုင်စေရန် အသိပညာပေး Talk Show ပြုလုပ်

**ကျောက်ပန်းတောင်း မေ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ကုန်အညွှန်းအမှတ်အသားနှင့်စပ်လျဉ်း၍ စားသုံးသူပြည်သူများ သိရှိနားလည်နိုင်စေရန် အသိပညာပေး Talk Show ကို မေ ၂၂ ရက်နေ့ မွန်းလွဲ ၂နာရီ မိနစ် ၃၀ က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က စီပွားရေးလုပ်ငန်းရှင်အဖြစ် သတ်မှတ်သည့်အချက်များ၊ စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာရမည့် ကုန်အညွှန်းအမှတ်အသား ဖော်ပြပါရှိရမည့်အချက်များ၊ ထုတ်လုပ်ရောင်းချခြင်း ကုန်စည်နှင့် ဝန်ဆောင်မှုများအကြောင်း၊ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကို မလိုက်နာပါက စည်းကမ်း ဖောက်ဖျက်သည့် လုပ်ငန်းရှင်အား အရေးယူဆောင်ရွက်နိုင်မှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်မြသန္တာထွန်းက မေးမြန်းချက်များအပေါ် စားသောက်ကုန်လုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများ သိရှိနားလည်နိုင်စေရန် အကျယ်တဝင့် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။




(အပေါ်ပုံ)

(၄၅၆)

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်



**သရက် မေ ၂၄**

မကွေးတိုင်းဒေသကြီး၊သရက်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းအဖြစ် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၈ နာရီက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်ဆရာဝန်ကြီး ကြီးကြပ်ဆောင်ရွက်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အဘိတ်ဆေးခတ်ပေးခြင်း၊ ခြင်များ ခိုအောင်းမှုမရှိစေရေး ရေလှောင်ကန်များ ရေပုံးများ၊ မိုးရေဝင်နိုင်သည့် အိုးခြမ်းပဲ့၊ တာယာကွင်းစသည့် ခြင်ပေါက်ဖွားနိုင်သည့် နေရာများအား ဖုံး၊ သွန်၊ လဲ၊ စစ် ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဓါပုံ)

စော်ထက်(သရက်)

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်

**ပခုက္ကူ မေ ၂၄**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၌ ခြင်မှတစ်ဆင့်ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်စေရန်ရည်ရွယ်၍ မေ ၂၃ရက် နံနက်ပိုင်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက်ရှိ အိမ်ထောင်စုများအလိုက် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။ (၃၄၀)

## စိတ်ပညာ၊ ပညာရေးနှင့် အားကစားနည်းအလိုက် ကျွမ်းကျင်မှုစစ်ဆေး

**မန္တလေး မေ ၂၄**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်မည့် ပဏာမ ရွေးချယ်ထားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သင်တန်းသား၊ သင်တန်းသူများကို မေ ၂၁ ရက် နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်းတွင် သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက် ရှိသင့်သည့် အားကစားကျွမ်းကျင်မှု (Skill Test) စစ်ဆေးခြင်းကို အား၊ ကာသိပ္ပံမှ နည်းစနစ်မှူးများက စစ်ဆေးကြရာ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့်နည်းပြများက ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ရွေးချယ်ထားသော ပဏာမသင်တန်းသား၊ သင်တန်းသူများအား မွန်းလွဲပိုင်းတွင် စိတ်ပညာ၊ ပညာရေး(အင်္ဂလိပ်စာ၊ သင်္ချာ)စစ်ဆေးခြင်းနှင့် ကျန်းမာရေးအတွက် သွေးစစ်ဆေးခြင်း၊ အဆုတ်ကျန်းမာရေး ဓာတ်မှန်ရိုက်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းကို ဇွန် ၂ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။



(ယာပုံ)

(၀၄၅)


ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## နေ့စဉ်ဒိုင်ယာရီ

* တန်ဖိုးရှိရာ တစ်နေ့တာ
ကောင်းစွာ ကျော်ဖြတ်ပါ
လူကိုလူကြည့် လူ့အသိ
အရာရာမှာ သတိသာ။
* လူပီသသည့် ကုသိုလ်မှာ
ကောင်းမှုနေ့စဉ်ပြုကြပါ
ဉာဏ်ကိုဉာဏ်ကြည့်
ဉာဏ်အသိ
ဉာဏ်သတိမှာ ပညာရှာ။
* ပညာဉာဏ်အလင်း
စိတ်မှာရှင်း
လက်ငင်းဖြူစွာ သီလသာ
လောကီလောကုတ်
နှစ်ဖြာသရုပ်
ကြိုးစားအားထုတ်အလုပ်မှာ။
* ကျက်သရေဆတိုး
တန်ဖိုးရှိရာ နေ့စဉ်ရှာ
နေ့စဉ် .....
သီလသမာဓိပညာ
အရာရာမှာ ကုသိုလ်ရှာ
အားလုံးမင်္ဂလာပါ ။ ။

ဟာဒမိုနီ



## ချားလ်စ်ဘုရင် ကနေဒါနိုင်ငံသို့လာရောက်လည်ပတ်မည့်ကိစ္စ ကနေဒါသံအမတ်ကြီးဟောင်း ဂျရမီကင်းစမန်း ထုတ်ဖော်ပြောကြား



**အော့တဝါ မေ ၂၄**

ဗြိတိန်တော်ဝင် မိသားစု ခေါင်းဆောင် ချားလ်စ်ဘုရင် ကနေဒါနိုင်ငံသို့ လာရောက် လည်ပတ်မည့်ကိစ္စနှင့်ပတ်သက်၍ 'ဒါဟာ ဘုရင်အတွက် အရမ်း ကြီးမားတဲ့ကိစ္စတစ်ခုပါ' ဟု ဗြိတိန်နိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဂျရမီကင်းစမန်း က ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ချားလ်စ်ဘုရင်သည် နှစ် ၇၀ နီးပါးကာလအတွင်း ကနေဒါ ပါလီမန်ကို ဖွင့်လှစ်ပေးမည့် ပထမဆုံးသော မင်းမျိုးမင်းနွယ် ဖြစ်လာမည်ဟု ဆိုသည်။

ကနေဒါသည် အမေရိကန် ပြည်ထောင်စု၏ ၅၁ ခုမြောက် ပြည်နယ်ဖြစ်လာနိုင်စရာမရှိဟူသော သတင်းစကားကို ချားလ်စ်ဘုရင်က သယ်ဆောင်လာမည်ဟု ကင်းစမန်းက မျှော်လင့်ထားသည်။

၎င်းသည် ချားလ်စ်ဘုရင် ဝေလမင်းသားဘဝကတည်းက ကနေဒါသံတမန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## စင်ကာပူအစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ဝန်ကြီးချုပ် လောရန့်စ်ဝေါင်း အဓိကဦးစားပေးကိစ္စပြောကြား

**စင်ကာပူ မေ ၂၄**

ပြောင်းလဲသောကမ္ဘာ တွင် စင်ကာပူကို အာမခံရှိသောနေရာအဖြစ် ဖန်တီးရန်မှာ နိုင်ငံ၏ လာမည့်အစိုးရသက်တမ်းအတွက် အဓိကဦးစားပေးအရာဖြစ်မည်ဟု ဝန်ကြီးချုပ် လောရန့်စ်ဝေါင်းက မေ ၂၃ ရက်တွင် ၎င်း၏ အစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ပြောကြားခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

နိုင်ငံ၏ စီးပွားရေးဗျူဟာများကို ပြန်လည်သုံးသပ်ခြင်း၊ လူမှုစည်းလုံးညီညွတ်မှုကို အားဖြည့်ခြင်းနှင့် စင်ကာပူအား အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ရန် အဆင်သင့်ပြုလုပ်ခြင်းတို့သည်လည်း ၎င်းတို့ အစိုးရအဖွဲ့၏ အဓိကရည်မှန်းချက်များထဲမှ တစ်ခုဖြစ်ကြောင်း အစ္စတာနာနန်းတော်တွင် ကျင်းပသော အခမ်းအနားတွင် ဝေါင်းက ပြောကြားခြင်းဖြစ်သည်။

ဝေါင်းနှင့် ၎င်း၏ အစိုးရအဖွဲ့သစ်သည် တရားသူကြီးချုပ် ဆန်ဒရက်ရှ်မီနွန်က လွှတ်တော်အမတ်များ၊ အစိုးရဟောင်းဝန်ကြီးများ၊ သံတမန်များနှင့် စင်ကာပူ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် ဧည့်သည်ပေါင်း ၆၅၀ ခန့်ရှေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။ **Mon**



## ဂျပန်နိုင်ငံရှိ အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်ဈေးနှုန်း တစ်နှစ်အတွင်း နှစ်ဆနီးပါးတက်လာ အကျပ်အတည်းရင်ဆိုင်နေရ

**တိုကျို မေ ၂၄**



ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်း လူကြိုက်အများဆုံး အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်ဈေးနှုန်း တစ်နှစ်အတွင်း နှစ်ဆနီးပါးတက်လာမှုနှင့်အတူ 'ဆန်အကျပ်အတည်း'ကို ရင်ဆိုင်နေရကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

မေ ၂၃ရက်က ထုတ်ပြန်ခဲ့သည့် အစိုးရကြေညာချက်အရ ဧပြီလတွင် ဆန်ဈေးနှုန်းသည် တစ်နှစ်ကာလအတွင်း ၉၈ ဒသမ ၄ ရာခိုင်နှုန်း တက်လာခဲ့ပြီး မတ်လတွင် ၉၂ ဒသမ ၅ ရာခိုင်နှုန်း တက်ခဲ့သည်။

ဆန်ဈေးတက်ခြင်းသည် ဂျပန်စားသုံးသူများ၏ ပိုက်ဆံအိတ်ကို ဖိစီးမှုဖြစ်စေပြီး ဝန်ကြီးချုပ် ရှီဂေးရု အီရှီဘနှင့် ၎င်း၏ အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ လူကြိုက်များမှုကို ပိုမိုကျဆင်းစေလျက်ရှိသည်။

အစိုးရ၏ ဆန်သိုလှောင်ရုံများမှ ဆန်ထုတ်သုံးခြင်းကဲ့သို့သော အရေးပေါ်စီမံခန့်ခွဲမှုများသည် ဈေးနှုန်းများကို ထိန်းချုပ်ရာတွင် အောင်မြင်မှုမရှိခဲ့ဘဲ လူကြိုက်များသော ကောရှီဟီကရီ ဆန်အမျိုးအစား ၅ ကီလိုဂရမ် (၁၁ ပေါင်)သည် ယခုလတွင် ယန်း ၅၀၀၀ (အမေရိကန်ဒေါ်လာ ၃၅ ဒေါ်လာခန့်) အထိ တက်လာကာ အခြားဆန်မျိုးစိတ်များသည် ယခုလအစောပိုင်းတွင် ယန်း ၄၂၀၀ (အမေရိကန်ဒေါ်လာ ၂၉ ဒေါ်လာခန့်) အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ **Mon**

## ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့လယ် မီးရထားဘူတာရုံတွင် ဓားထိုးတိုက်ခိုက်မှုဖြစ်ပွား လူ ၁၇ ဦး ဒဏ်ရာရခဲ့သည်ဟု ဆို

**ဘာလင် မေ ၂၄**

ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့လယ် မီးရထားဘူတာရုံတွင် ယမန်နေ့က ဓားထိုးတိုက်ခိုက်မှုဖြစ်ပွားရာ လူအချို့အသက်အန္တရာယ်ရှိသည့် ဒဏ်ရာများ ရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့အတည်ပြုကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုတိုက်ခိုက်မှုတွင် လူ ၁၇ ဦး ဒဏ်ရာရခဲ့ကြောင်း ဟမ်းဘတ် မီးသတ်ဌာနက အစီရင်ခံခဲ့ပြီး သေဆုံးဒဏ်ရာရသူအရေအတွက်ကို အတည်ပြုနိုင်ခြင်း မရှိသေးကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရသူက ဆိုသည်။

အခင်းဖြစ်နေရာ၌ ဂျာမန်နိုင်ငံသား အသက် ၃၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ဟမ်းဘတ်ရဲတပ်ဖွဲ့မှ စုံထောက်များက ဖမ်းဆီးခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် မြို့လယ်ဘူတာရုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အိတ်ခ်စ်စ်လူမှုကွန်ရက်တွင် ဟမ်းဘတ်ရဲတပ်ဖွဲ့၏ ပို့စ်တစ်ခု၌ ဒဏ်ရာရသူအချို့သည် အသက်အန္တရာယ်ရှိသည့် ဒဏ်ရာများ ရရှိခဲ့ကြောင်း ရေးသားထားသည်။

သံသယရှိသူသည် တစ်ဦးတည်း လုပ်ဆောင်ခဲ့ပြီး နိုင်ငံရေးရည်ရွယ်ချက်ရှိပုံမရဟု ဘူတာရုံ အပြင်ဘက်တွင် ရဲတပ်ဖွဲ့ပြောခွင့်ရသူက သတင်းမီဒီယာများကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။ **Mon**




## ထိုင်းနိုင်ငံမှ အသက် ၁၀၅ နှစ်အရွယ် ဆာဝန်ဂျန်ပရမ် ကမ္ဘာ့ဆရာကြီးများ အားကစားပြိုင်ပွဲတွင် အသက်အကြီးဆုံးဖြစ်

**ဘန်ကောက် မေ ၂၄**

တရုတ်နိုင်ငံ ထိုင်ဝမ်ကျွန်း၌ လက်ခံကျင်းပမည့် ကမ္ဘာ့ဆရာကြီးများအားကစားပြိုင်ပွဲတွင် အထူးခြားဆုံးဖြစ်သော ထိုင်းနိုင်ငံမှ အသက် ၁၀၅ နှစ်အရွယ် ဆာဝန်ဂျန်ပရမ်သည် အသက်အကြီးဆုံးပြိုင်ပွဲဝင်ဖြစ်ကာ သူ၏ အသက်အပိုင်းအခြားတွင် တစ်ဦးတည်းသော ပြိုင်ပွဲဝင်လည်း ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဆာဝန်းသည် အမျိုးသား မီတာ ၁၀၀အထက် သံပြားပိုင်းပစ်၊ လုံတံပစ်၊ ကျောက်တုံးပစ်နှင့် မီတာ ၁၀၀ ပြေးပွဲတို့တွင် ရွှေတံဆိပ်ဆွတ်ခူးရန် သေချာသလောက်ဖြစ်နေသည်။

အထက်တန်းကျောင်းအုပ်ဆရာကြီးဟောင်းဖြစ်သူ ဆာဝန်းသည် မီတာ ၁၀၀ ပြေးပွဲကို တစ်ဦးတည်း ပြေးကာ ၃၈ ဒသမ ၅၅ စက္ကန့်ဖြင့် စံချိန်တင်ထားသူဖြစ်ရာ လာမည့်ပြိုင်ပွဲ၌ ပန်းဝင်အောင်ပြေးရန်သာလိုအပ်မည်ဖြစ်သည်။

ဖခင်သည် မိမိတို့မိသားစုအတွက် ဂုဏ်ယူစရာဖြစ်စေသည်ကို ဝမ်းမြောက်မိကြောင်း ၎င်း၏ ၇၃ နှစ်အရွယ်သမီး သက်ကြီး အားကစားသမားတစ်ဦးဖြစ်သူ သီရိပန်က ထုတ်ဖော်ပြောကြားသည်။

နှစ်ပတ်ကြာ ကျင်းပမည့် ယင်းအားကစားပြိုင်ပွဲသို့ နိုင်ငံ ၁၀၇ နိုင်ငံမှ အားကစားသမား ၂၅၉၅၀ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **Mon**

0-0-0-0-0

STOP AIDS

## ဥရောပသမဂ္ဂကို အခွန်တိုးမြှင့်စည်းကြပ်ရန် ထရမ့်ဆုံးဖြတ်ပြီးနောက် ကမ္ဘာ့ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာ တန်ဖိုးကျဆင်းသွားခဲ့

**ဝါရှင်တန် မေ ၂၄**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ၎င်း၏ကုန်သွယ်ရေးစစ်ပွဲကို ထပ်မံအရှိန်မြှင့်လိုက်ရာ ကမ္ဘာ့ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာ တန်ဖိုး မေ ၂၃ ရက်က ကျဆင်းသွားခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

လာမည့်ဇွန် ၁ ရက်မှ စတင်၍ ဥရောပသမဂ္ဂကို ၅၀ ရာခိုင်နှုန်းအထိ အခွန်တိုးမြှင့်စည်းကြပ်ရန် ထရမ့်ဆုံးဖြတ်လိုက်ပြီးနောက် ဒေါ်လာတန်ဖိုး ကျဆင်းခဲ့ခြင်း ဖြစ်သည်။

ထိုဆုံးဖြတ်ချက်သည် ကမ္ဘာ့စီးပွားရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးအပေါ် အကောက်ခွန်များ၏ အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ စိုးရိမ်မှုများ ဖြစ်ပေါ်လာစေခဲ့သည်။

ဥရောပသမဂ္ဂသည် ကိုင်တွယ်ရန် အလွန်ခက်ခဲပြီး၎င်းတို့နှင့် မိမိတို့၏ ဆွေးနွေးမှုများသည် ထိရောက်ခြင်းမရှိဟု ထရမ့်က လူမှုမီဒီယာပေါ်တွင် မှတ်ချက်ပေးခဲ့သည်။

၎င်း၏အခြားသော ပို့စ်တစ်ခုတွင် အမေရိကန်ပြည်ထောင်စု၌ မထုတ်လုပ်သော အိုင်ဖုန်းများ၊ ဆမ်ဆောင်းနှင့် အခြား စမတ်ဖုန်း ထုတ်လုပ်သူများအပေါ် ၂၅ ရာခိုင်နှုန်းအကောက်ခွန်စည်းကြပ်သွားမည်ဟုလည်း ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။ **Mon**



# ဆိုင်ကယ်မတော်တဆမှု သတိပြု

မန္တလေးမြို့ နွေရာသီနံနက်ခင်းရဲ့ အပူရှိန်က သိသိသာသာ ပူပြင်းလျက်ရှိသည်။ အပူဒဏ်ကို ရှောင်ရှားရင်း မန်းမြို့ရဲ့ နာမည်ကြီးလက်ဖက်ရည်ဆိုင်မှာ မိတ်ဆွေစာရေးဆရာ နန္ဒလောကမင်းနှင့်အတူ လက်ဖက်ရည်သောက်ရင်း စာအကြောင်း၊ ပေအကြောင်း ဆွေးနွေးနေခိုက် ရုတ်တရက်ဆိုသလို ဆိုင်ရှေ့ မိန်းလမ်းမကြီးပေါ်မှ ကျွီ····ဝုန်း···ဒုန်း ဆိုတဲ့အသံနှင့်အတူ ဟာ···သွားပြီ သေကုန်ပြီလားမသိဘူး၊ လုပ်ကြပါဟ··ထူကြပါဦး··ဆိုပြီး အနီးအသံတွေကိုကြားလိုက်ရတဲ့အတွက် မိမိတို့နှစ်ဦးသာမက ဆိုင်အတွင်းမှ လူများအားလုံးရဲ့ အကြည့်က လမ်းမပေါ်သို့ ရောက်သွားသည့်အခါ လမ်းမပေါ်တွင် ဆိုင်ကယ်နှစ်စီးမှာ ရစရာမရှိအောင် ပျက်စီးသွားပြီး ဆိုင်ကယ်မောင်းလာသူတွေမှာလည်း ကျောက်လမ်းပေါ်တွင် မှောက်လျက်သား သွေးသံရဲရဲဖြင့် စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့လိုက်ရသည်။

အရှေ့မှအနောက်သို့ အရှိန်ပြင်းစွာ မောင်းနှင်လာသော ကလစ်ဆိုင်ကယ်နှင့် တောင်မှမြောက်သို့ အရှိန်ပြင်းစွာ မောင်းနှင်လာသော ရုပ်ဆိုး 125 ဆိုင်ကယ်နှစ်စီးမှာ လမ်းလယ်တွင် တိုက်မိကြခြင်းဖြစ်သည်။ ဆိုင်ကယ်စီးလာသူလူငယ်နှစ်ဦးစလုံးမှာ ဆိုင်ကယ်စီးဦးထုပ် ဆောင်းထားခြင်း မရှိပေ။ အဆိုပါဆိုင်ကယ်မောင်းနှင်လာသူ လူငယ်နှစ်ဦးမှာ မလှုပ်မယှက်ဖြင့် လမ်းမပေါ်တွင် ငြိမ်သက်နေသည်။ ရပ်ကြည့်နေသူများထဲမှ လူကြီးတစ်ဦးက လူနာတင်ယာဉ်ခေါ်ကြပါဟ···ကြာရင်သေကုန်လိမ့်မယ်။ ဖုန်းဆက်ကြပါဟု အော်ပြောနေသံကို ကြားရသည်။ မိတ်ဆွေစာရေးဆရာလည်း အခင်းဖြစ်သည့်နေရာမှ ဒဏ်ရာရသူနှစ်ဦး အနားသွားပြီး ရှေးဦးပြုစုခြင်းဖြင့် ပြုစုပေးရာ နှစ်ဦးစလုံး သတိပြန်လည်လာခဲ့သည်။ ထိုအချိန်တွင် မဟာအောင်မြေမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များရောက်ရှိလာပြီး လိုအပ်သည့် ပြုစုကုသမှုများနှင့်အတူ ဒဏ်ရာရသူနှစ်ဦးအား လူနာတင်ယာဉ်ဖြင့် ခေါ်ဆောင်သွားသည်။

ထိုအခါမှ ဝိုင်းအုံကြည့်နေကြသော ပရိသတ်ကြီးလည်း လူစုကွဲသွားသည်။ မိတ်ဆွေစာရေးဆရာက ဆရာစိမ်းလန်းမြေရေ ကလေးတွေ အတော်ကံကောင်းတယ်ဗျာ။ တိုက်တဲ့အရှိန်က အတော်ပြင်းတာဗျ။ ရုပ်ဆိုးဆိုင်ကယ်နဲ့တစ်ယောက်ကတော့ လက်ကျိုးသွားတာ မသေတာကံကောင်းတယ်လို့ ပြောရမယ်။ နောက်တစ်ယောက် ကလစ်ဆိုင်ကယ်နဲ့ကလေးကတော့ ခေါင်းနဲ့ ကျောက်လမ်းနဲ့ရိုက်မိပြီး သတိလစ်သွားတာ။ ခေါင်းကလည်း ဟက်တက်ကွဲသွားတာ တော်တော်များတယ်။ ဒါကြောင့် သတိပြန်ရအောင် မနည်းလုပ်ပေးလိုက်ရတာ။ အဲ့ဒီကလေး ဘာမှမဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ။ ကံစီမံရာပေါ့ဗျာ။ အခုခေတ်ကလေးတွေ မော်တော်ဆိုင်ကယ်စီးတာ ကြမ်းတမ်းတယ်။ ဖြစ်လိုက်ရင် အသေနဲ့အကျိုးပဲဗျ။ ဆိုင်ကယ်ဦးထုပ်လည်း မဆောင်းကြ၊ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းလည်း မလိုက်နာနဲ့ ခက်ပါတယ်ဗျာ။

မိတ်ဆွေစာရေးဆရာလည်း သူဆောင်ရွက်ခဲ့ပုံတွေ၊ မြင်ခဲ့ရပုံတွေကို ညည်းညူရင်း အသေးစိတ်ပြန်ပြောပြကာ ကျန်နေတဲ့လက်ဖက်ရည်လေးကို ကောက်သောက်လိုက်ပါတယ်။ ကျွန်တော်လည်း မိတ်ဆွေပြောနေတာကိုနားထောင်ရင်း ဟိုး··· လွန်ခဲ့တဲ့ နှစ် ၃၀ ခန့်က အကြောင်းအရာတစ်ခုကို စိတ်ရောက်သွားခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ခန့်က အခုလို နွေရာသီနံနက်ခင်းတစ်ရက်မှာ အိမ်နားက လက်ဖက်ရည်ဆိုင်မှာထိုင်နေတုန်း ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူ အောင်စိုးတစ်ယောက် ဆိုင်ကယ်နဲ့ ရောက်လာပြီး သူငယ်ချင်း··· မင်း အခု အားလား။ အားရင် ငါနဲ့လိုက်ခဲ့စမ်းပါကွာ တစ်ယောက်တည်း သွားရမှာ ပျင်းလို့ကွ။

ဟာ···· အရင်းမရှိ၊ အဖျားမရှိ ငါက ဘယ်လိုက်ရမှာတုန်း။ မင်းဟာကမဟုတ်သေးပါဘူးကွာ။

Sorry ပါ သူငယ်ချင်း။ ငါစကားပြောလောသွားလို့ပါကွ။ ကိစ္စလေးတစ်ခုရှိလို့ မေမြို့(ပြင်ဦးလွင်) သွားမလို့ပါ။ လိုက်မယ်မဟုတ်လား။ အမှန်ပြောရရင် ကျွန်တော်မလိုက်ချင်ပါ။ သူငယ်ချင်းက ဇွတ်အတင်းခေါ်နေတာနဲ့ စိတ်မပါတပါနဲ့ လိုက်သွားရခြင်း ဖြစ်ပါတယ်။ ဒီကောင့်အကြောင်းပြောရရင် သူ့မိဘတွေက ချမ်းသာတော့ တစ်ဦးတည်းသောသားကို အလိုလိုက်ထားကြတာ။ ဆိုးသွမ်းသူ မဟုတ်သော်လည်း လိမ္မာသည့်အထဲတော့ မပါပေ။ မှန်တယ်ထင်ရင် တဇောက်ကန်းလုပ်တတ်သူဖြစ်သည်။ မူလတန်းကျောင်းသားဘဝကတည်းက တွဲလာတာ ဘွဲ့ရတော့လည်းအတူတူ နှစ်အိမ်တစ်အိမ် စားအိမ် သောက်အိမ်လိုနေလာကြသည့် သူငယ်ချင်းဖြစ်သည်။ မိဘချင်းကလည်း ရင်းနှီးသူတွေဖြစ်ကြတော့ ညီရင်းအစ်ကိုလို ဖြစ်နေကြတာပေါ့။ သူက စိတ်ရင်းကောင်းပြီး လက်ဖွာတယ်။ နှမြောတွန့်တိုစိတ်မရှိဘူး။ ဘယ်သူ့ဖြစ်ဖြစ် ကျွေးချင်ပေးချင်စိတ်ရှိတယ်။ သူ့မှာကောင်းတာရှိသလို ဆိုးတဲ့ညဉ်လေးလည်းရှိတယ်။ ဒါကတော့ သောက်စားတတ်တာပဲ။ ဒါ့ကြောင့် သူနဲ့လိုက်ရမှာကို ကြောက်နေတာပေါ့။

အေး···ငါလိုက်မယ်။ ဒါပေမဲ့ မင်း···ငါ့စကားနားထောင်ရမယ်။ ပြောကွာ ဘာလဲ။ တစ်··· မင်းဆိုင်ကယ်ကို အမြန်မစီးရဘူး။ နှစ်···အရက်သောက်ပြီး မမောင်းရဘူး။ သုံး···ဘယ်ကား၊ ဘယ်ဆိုင်ကယ်ကိုမှ လိုက်ပြီးပြိုင်မမောင်းရဘူး။ ဒါတွေကို ကတိပေးနိုင်မှ ငါလိုက်ခဲ့မယ်။ အေးပါကွာ ငါကတိပေးပါတယ်။ မင်းလိုက်ရင်ပြီးတာပါပဲ။ ဒါနဲ့ ကျွန်တော်လည်း သူငယ်ချင်းဖြစ်သူနဲ့အတူ မေမြို့ကို ဆိုင်ကယ်နဲ့လိုက်ဖြစ်ခဲ့ပါတယ်။ အတက်မှာတော့ ဘာပြဿနာမှမဖြစ်ဘဲ မေမြို့(ပြင်ဦးလွင်)ကို ချောချောမောမောရောက်သွားပြီး သူ့အိမ်က မှာလိုက်တဲ့ အလုပ်ကိစ္စတွေကို ပြီးအောင်လုပ်ပါတယ်။ အပြန်မှာလည်း ၂၁ မိုင်ရောက်တဲ့အထိ အေးဆေးပါပဲ။ ၂၁ မိုင်ရောက်မှ ဇာတ်လမ်းက စလာပါတော့တယ်။ သူငယ်ချင်း ပင်ပန်းတယ်ကွာ။ ခဏနားကြရအောင်။ အေး··· နားချင်နားလို့ရတယ်။ ဒါပေမဲ့ မင်းသောက်လို့ မရဘူးနော်။ ဟာကွာ···မင်းကလည်း နည်းနည်း ပါးပါးသောက်မှာပါကွာ။ မူးအောင်မသောက်ပါဘူး။ မရဘူးသူငယ်ချင်း မူးမူး၊ မမူးမူး မင်းသောက်လို့ မရဘူး။ မင်းကလည်းကွာ ငါ တကယ်ပင်ပန်းနေလို့ပါ။ နည်းနည်းလေးပါ။ မင်းပြောတဲ့အတိုင်း ငါ ဆိုင်ကယ်လည်း ဖြည်းဖြည်းမောင်းတယ်။ ဘယ်သူနဲ့မှလည်း ပြိုင်မမောင်းခဲ့ဘူးလေကွာ။ ဒါလေးတော့ ငါ့ကိုသနားပါသူငယ်ချင်းရယ်နော်။ အဲ့ဒီမှာ ကျွန်တော့်အမှားပဲ သူငယ်ချင်းအကြောင်းကို သိနေပါလျက်နဲ့ သူငယ်ချင်းအပေါ် ချစ်ခင်တဲ့စိတ်၊ ခဃယာတောင်းပန်နေတာကိုမကြည့်ရက်တဲ့စိတ်နဲ့ သူ့အလိုကိုလိုက်မိတဲ့ ကျွန်တော့်ရဲ့နောင်တက နောက်ကျသွားခဲ့မှန်း ကျွန်တော် အဲ့ဒီတုန်းက မသိလိုက်ဘူး။

အေး···ဒါဆိုလည်း မင်း တစ်ပက်၊ နှစ်ပက်ပဲ သောက်။ ငါ မင်းကို စိတ်မချဘူး။ မင်းက မူးလာရင် ကောင်းတာမဟုတ်ဘူး။ ဟာကွာ··· မင်းကလည်း ငါ့ဆိုရင် အမြဲမယုံမကြည်ဖြစ်နေတာဘဲ။ ဟ···ယုံလို့ရမလားကွ။ မင်းက ဟုတ်မှမဟုတ်တာကိုး။ ကဲ···စကားများမနေနဲ့။ မင်းသောက်မှာ အမြန်သောက်။ ပြီးရင် ပြန်ရအောင် မိုးချုပ်သွားရင် မကောင်းဘူး။ အိမ်က စိတ်ပူနေမယ်။ အေးပါကွာ။ ဒီလိုနဲ့ ဒီကောင်လည်း စကားတပြောပြောနဲ့ သောက်လိုက်တာ ကျွန်တော်သတိထားမိချိန်ရောက်တော့ သူတို့အခေါ် တစ်ပြားဆိုလား၊ တစ်စိတ်ဆိုလား ကုန်နေပြီ။ လူကလည်း တော်တော်မူးပြီး ယိုင်ထိုးနေပြီ။ ဟေ့ကောင်···မင်းဖြစ်ပါ့မလားဟ တအားမူးနေပြီ မင်းကွာ။ ရပါတယ်သူငယ်ချင်းရာ အေးဆေးပါ။ ငါမမူးပါဘူးကွ။ မင်းက မမူးဘူးသာ ပြောနေ လူကယိုင်နေပြီ။ မင်းဆိုင်ကယ်မမောင်းနဲ့ ငါမောင်းမယ်။ ရပါတယ်ကွာ။ ငါမောင်းနိုင်ပါတယ်။ စိတ်မပူပါနဲ့ကွ။

ဒီကောင်က သူ့အကျင့်အတိုင်း ဇွတ်တရွတ် တအားနိုင်တာ။ ဘာဖြစ်ဖြစ် သူလုပ်နိုင်တယ်ဆိုတာကိုပဲဖြစ်ချင်တာ။ ဘယ်လိုမှပြောမရ၊ တားမရတဲ့ အဆုံး မျက်စိစုံမှိတ်ပြီး သူ့နောက်က လိုက်ခဲ့ရတော့တယ်။

ကျွန်တော်လည်း ဆိုင်ကယ်ပေါ် စထိုင်ပြီဆိုကတည်းက ရသမျှဘုရားစာတွေရွတ်၊ သမ္ဗုဒ္ဓေ ဂါထာတော်တွေရွတ်နဲ့ ဘုရား၊ တရားပဲ အားကိုးပြီး မန္တလေးကို ဆင်းလာကြပါတော့တယ်။

၂၁ မိုင်က အဆင်းထိ ဘာမှမဖြစ်သေးတော့ စိတ်အေးရပြီထင်နေတာ။ ၁၉ မိုင်နားရောက်တော့မှ ပြဿနာက စတော့တယ်။ ဆိုင်ကယ်တစ်စီးက ဘေးကနေ အတင်းကျော်တက်သွားတာ အဲ့ဒါကို ဒီကောင်က ဘာပြောလဲဆိုတော့ ဒါ ငါ့ကို သက်သက်မဲ့ကျော်သွားတာ ငါ ပြန်ကျော်ပြမယ်ဆိုပြီး ဆိုင်ကယ်ကို လီဗာတင်ပြီး အတင်းကာရော လိုက်ပါတော့တယ်။ ကျွန်တော်လည်း နောက်ကနေ ဘုရားစာရွတ်ရင်းက အောင်စိုး·· ဖြည်းဖြည်းမောင်းပါကွာ။ သူ့ဘာသာသူ အရေးကြီးလို့ အမြန်မောင်းသွားတာပါ။ မင်းကလည်း ပြဿနာမရှာစမ်းပါနဲ့။ အန္တရာယ်များတယ်ကွ။ စက်ပစ္စည်းဆိုတာ ပြောမရဘူး။ မင်းအသာနေစမ်းပါကွာ။ ဒီကောင်တွေကို ငါပြန်ကျော်ပြမယ်။ မင်းကြည့်နေ အောင်စိုးကို ဒါမျိုးလာလုပ်လို့ ဘယ်ရမလဲကွ။

အောင်စိုးရာ···ငါ့စကားကို နားထောင်စမ်းပါ။ ဒါ့ကြောင့် ငါ မင်းနဲ့ မလိုက်ချင်တာ။ မင်းက ဇွတ်တရွတ်နိုင်လွန်းတယ်။ ပြိုင်မောင်းနေလို့ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူးကွ။ ကိုယ်ဖြစ်ကိုယ်ခံရမှာ နောက်ပြီး မင်းအရမ်းမူးနေတယ်ကွ။ ခက်ပါတယ်ကွာ။ ကျွန်တော်ကသာ တတွတ်တွတ်ပြောနေပေမယ့် သူကတော့ ကျွန်တော့်စကားကို နားမဝင်ဘဲ ရှေ့ကဆိုင်ကယ်ကို အတင်းလိုက်ကျော်နေတယ်။ ကျွန်တော်လည်း မထူးတော့တဲ့အတူတူ။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့မှတ်ယူပြီး ရသမျှဘုရားစာတွေရွတ်ပြီး ဆိုင်ကယ်နောက်ကနေ ဘုရားတပြီး လိုက်လာခဲ့ပါတော့တယ်။ အဲ့ဒီလိုနဲ့ ၁၉ မိုင်အကွေ့နားရောက်တော့ ရှေ့ကဆိုင်ကယ်ကို ဇွတ်ကျော်အတက်မှာ ကိုယ့်အရှိန်ကိုယ် မထိန်းနိုင်ဘဲ လမ်းဘေးက သစ်ပင်ကို ဝင်တိုက်ပါတော့တယ်။ ကျွန်တော်လည်း အောင်စိုး··ရှေ့မှာသစ်ပင်၊ သစ်ပင်လို့ သတိပေးတာမှမဆုံးသေးဘူး။ ဆိုင်ကယ်က သစ်ပင်ကို အုန်းခနဲ ဝင်တိုက်လိုက်တာ ကျွန်တော်လည်း ရုတ်တရက် ဘယ်လိုဖြစ်သွားတယ်မသိလိုက်ဘူး။ သတိရတစ်ချက်၊ မရတစ်ချက်နဲ့ ဘေးကနေ စကားပြောနေတဲ့အသံတွေကို မကြားတစ်ချက်၊ ကြားတစ်ချက်ချက် ကြားနေရပြီး လောကကြီးနဲ့ ခဏတာ အဆက်အသွယ် ပြတ်တောက်သွားခဲ့ရပါတယ်။

ကျွန်တော် သတိပြန်ရလာတဲ့အခါမှာတော့ ပြည်သူ့ဆေးရုံကြီး အရေးပေါ်ကုသရေးဌာနမှာ ရောက်နေပါပြီ။ ကျွန်တော့်ခုတင်ညာဘက်ဘေးမှာတော့ စိုးရိမ်စိတ်နဲ့ မျက်ရည်လည်ရွဲနဲ့ ကျွန်တော့်လက်ကလေးကိုကိုင်ကာ ဘုရားစာတွေ ရွတ်နေတဲ့ ကျေးဇူးရှင် မိခင်ကြီးရယ်၊ ညီဖြစ်သူရဲ့ ညှိုးငယ်နေတဲ့ မျက်နှာတွေကို တွေ့ခဲ့ရပါတယ်။ ခုတင်ရဲ့ ဘယ်ဘက်မှာတော့ လောင်းကုတ်အဖြူ ဝတ်ဆင်ထားကာ နားကြပ်ကိုဆွဲထားပြီး ပြုံးရွှင်တဲ့ မျက်နှာပိုင်ရှင်ဆရာဝန်ကြီးနဲ့ သူနာပြုဆရာမ နှစ်ယောက်ကို တွေ့ရပါတယ်။ ကျွန်တော်လည်း ငါဘာဖြစ်သွားတာလဲဆိုပြီး ပြန်စဉ်းစားလိုက်တော့မှ မေမြို့(ပြင်ဦးလွင်)အဆင်း အောင်စိုးနဲ့အတူ ဆိုင်ကယ်မတော်တဆမှုဖြစ်ခဲ့တာကို သွားသတိရပြီး သူငယ်ချင်းဖြစ်သူအတွက် စိုးရိမ်စိတ်နဲ့ အမေ··အောင်စိုးရော ဘယ်လိုနေလဲ···မေးလိုက်ရာ အမေက ချက်ချင်း အဖြေမပေးဘဲ ဆရာဝန်ကြီးကို လှမ်းကြည့်လိုက်ပါတယ်။ အဲ့ဒီမှာ ဆရာဝန်ကြီးက ခေါင်းညိတ်ပြလိုက်တော့မှ အမေက သားသူငယ်ချင်း အောင်စိုး ဆုံးသွားပြီလို့ ပြောပါတယ်။

ကျွန်တော်လည်း အမေ့စကားကြားလိုက်တဲ့အခါ··· ဗျာ···· အောင်စိုး···ဆုံးပြီဟုတ်လား အမေ၊ ဖြစ်ရလေ သူငယ်ချင်းရယ် ငါ အတန်တန် သတိပေးနေရဲ့နဲ့ အခုတော့ကွာ····ဟီးဟီးဟီး။ ကျွန်တော်လည်း ဆေးရုံပေါ်မှာ မရှက်နိုင်ဘဲ ငိုကြွေးမိခဲ့ပါတယ်။ တကယ်တော့ အောင်စိုး သေဆုံးရတဲ့ တကယ့်တရားခံက အရက်ရယ်၊ မခံချင်စိတ်နဲ့ အကျိုးမရှိ ဆိုင်ကယ်ကို ပြိုင်မောင်းတာရယ်ကြောင့် မဖြစ်သင့်တာတွေဖြစ်ခဲ့ရပြီး တန်ဖိုးရှိတဲ့လူ့အသက်တွေ ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။

ကျွန်တော်ဆေးရုံပေါ်မှာ သုံးရက်တိတိ သတိလစ်နေကြောင်း၊ ဘာဒဏ်ရာမှ ကြီးကြီးမားမား မရခဲ့ကြောင်း၊ အခင်းဖြစ်တဲ့နေ့က အောင်စိုး ပွဲချင်းပြီး သေဆုံးသွားကြောင်း၊ မိမိမှာ ဘုရားစာတွေ ရွတ်ဖတ်လာလို့ နတ်တွေက ကယ်လိုက်တာလားမသိ၊ အောင်စိုး သစ်ပင်ကိုဝင်တိုက်လိုက်ချိန် မိမိမှာ လေပေါ်သို့မြောက်တက်သွားပြီး ဘေးနားက ဆူးချုံပင်ပေါ်ကျကာ ထိခိုက်မှု အနည်းငယ်ဖြစ်ပြီး သတိလစ်သွားကြောင်းတွေကို ညီဖြစ်သူပြန်ပြောပြလို့ သိခဲ့ရပါတယ်။ အောင်စိုး မခံချင်စိတ်နဲ့လိုက်ပြီး ကျော်ခဲ့တဲ့ ဆိုင်ကယ်သမားတွေကပဲ သက်ဆိုင်ရာကို အကြောင်းကြားပေးကြကာ အစစအရာရာ ကူညီပေးကြတယ်လို့ ကျွန်တော် သိခဲ့ရတယ်။

ကျွန်တော် သတိလစ်နေတဲ့သုံးရက်နဲ့ ဆေးရုံတက်နေတဲ့အချိန်မှာပဲ သူငယ်ချင်းဖြစ်သူရဲ့ ဈာပနက ပြီးသွားခဲ့ပါတယ်။ သူငယ်ချင်းဖြစ်သူရဲ့ အဖြစ်ဆိုးကြောင့် သံဝေဂရခဲ့ပါတယ်။ နောက်ဆုံးအချိန်မှာတောင် သူငယ်ချင်းကို မြင်တွေ့ခွင့် မရလိုက်ပါဘူး။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ဆို သူငယ်ချင်း ကွယ်လွန်သွားတာ နှစ် ၃၀ တောင်ရှိသွားပြီလေ။

ဆရာစိမ်းလန်း···ဗျို့···ဆရာစိမ်းလန်း ဘာတွေများ အတွေးလွန်နေတာလည်းဗျ။ Sorry ပါ ဆရာလောကမင်း။ ဒီနေ့ဖြစ်တဲ့အဖြစ်ပျက်နဲ့ လွန်ခဲ့တဲ့ နှစ် ၃၀ က ကျွန်တော့်သူငယ်ချင်းရဲ့ အဖြစ်အပျက် သွားတိုက်ဆိုင်နေလို့ အဲ့ဒီကို စိတ်ရောက်သွားလို့ပါဗျာ။ နှစ်တွေကြာပြီဆိုပေမယ့်လည်း အဖြစ်ပျက်က လာတိုက်ဆိုင်နေလို့ သတိရသွားတာပါ။ အေးဗျာ··· နှစ်တွေဘယ်လောက်ပဲ ကြာနေနေ ကိုယ်တိုင်တွေကြုံခံစားခဲ့ရတဲ့အကြောင်းအရာကတော့ ဘယ်မေ့မလည်းဗျာ။ တိုက်ဆိုင်မှုရှိတိုင်း အမှတ်ရနေကြစမြဲပဲလေ။ ဟုတ်တယ် ဆရာရေ ကျွန်တော်ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရတဲ့ အဖြစ်အပျက်တွေကို အခုခေတ်လူငယ်လေးတွေ နမူနာယူပြီး လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းတွေ လိုက်နာဖို့အတွက် အခါအခွင့်သင့်တိုင်း အသိပညာပေးနေရတာပေါ့ဗျာ။ ကောင်းပါလေ့ ··· ဆရာစိမ်းလန်းရယ် ငွေမကုန်ဘဲရတဲ့ ကုသိုလ်ပေါ့ဗျာ။

ကဲ···ဆရာရေ အချိန်လည်း တော်တော်လင့်နေပြီ။ ကျွန်တော်တို့လည်း ပြန်ကြစို့ဟုပြောကာ လက်ဖက်ရည်ဆိုင်ထဲကအထွက် ဆိုင်ကယ်စီးနှင်းသူများအားလုံး ယာဉ်မတော်တဆဖြစ်မှုမှ ကင်းဝေးကြပါစေလို့ စိတ်ထဲက ဆုတောင်းရင်းဖြင့်······။

မြင့်သန်း(စိမ်းလန်းမြေ)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Good Boy တွင် Kim So Hyun က သရုပ်ဆောင်စွမ်းရည် ပြသထား

မေ ၃၁ရက်တွင် စတင်ပြသမည့် Good Boy တွင် လက်ဝှေ့သမားတစ်ဦးအဖြစ် ပတ်ဘိုဂန်းနှင့် သေနတ်ပစ်ချန်ပီယံအဖြစ် ကင်ဆိုဟွမ်က စွမ်းရည်ပြသထားရာ ပိုစတာထွက်ရှိလာ၍ ပရိသတ်စိတ်ဝင်စားနေကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားနှင့် ပတ်ဘိုဂန်း၊ ကင်ဆိုဟွမ်နှင့် လီဆောင်ရီတို့ ထိုင်းနိုင်ငံတွင် ပရိုမိုးရှင်းဆင်းကြမည်ဖြစ်ပြီး လက်ဝှေ့သမားတစ်ဦး၏ ဖြစ်ရပ်မှန်ကို ရိုက်ကူးတင်ဆက်ထားခြင်း ဖြစ်သည်။

ပတ်ဘိုဂန်းသည် လက်ဝှေ့သမားတစ်ဦးပုံပေါက်ရန် ခြောက်လကြာ နေ့စဉ်လေ့ကျင့်ခဲ့ရပြီး တစ်နေ့လျှင် တစ်နာရီကြာ ကြွက်သားလေ့ကျင့်ခန်းနှင့် နှစ်နာရီကြာ လက်ဝှေ့ထိုးနည်းသင်ခဲ့ရသည်။ ကင်ဆိုဟွမ်မှာလည်း လက်ဖြောင့် သေနတ်သမားတစ်ဦးဖြစ်ရန် လေ့ကျင့်ခဲ့ရာမှ စွမ်းရည်ပြသနိုင်သည်အထိ ထူးချွန်ခဲ့သည်ကို Good Boy တွင် မြင်တွေ့ကြရသည်။ (SKY)

## Lee Minho က Squid Game 3 တွင် ပါဝင်မည်ဟု ထင်ကြေးပေးခံရ

ကမ္ဘာကျော် Squid Game အောင်မြင်မှုနှင့်အတူ အပိုင်းနှစ်ပါ ဆက်လက်အောင်မြင်ခဲ့၍ အပိုင်းသုံးတွင် မင်းသားလီမင်ဟို ပါဝင်မည်ဟု ထင်ကြေးပေးထားကြကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အပိုင်း(၁၄)ပိုင်းနှင့် အနီနှင့်အစိမ်း ရုပ်နှစ်ရုပ်ပါရှိပြီး ဂိမ်းဖန်တီးသူများနှင့် ဖန်တီးရသည့် အကြောင်းရင်းတို့ကို ထည့်သွင်း၍ ဇာတ်သိမ်းမည် ဖြစ်သည်။

အပိုင်းနှစ်တွင် ရှင်ကျန်နေသူ အေလစ်အနုပညာရှင်များအပြင် အေလစ်အနုပညာရှင် လီမင်ဟိုနှင့် အခြားသရုပ်ဆောင်များစွာ အားဖြည့်ထားသည်။

လီမင်ဟိုကို ထင်ကြေးပေးရခြင်းမှာ အသံမှတ်မိနေပြီး ကဒ်ပေး၍ ပြန်အထွက်တွင် ကားမှန်ထဲမှပုံရိပ်ကြောင့် ပရိသတ်များက လီမင်ဟိုဖြစ်ကြောင်း အတည်ပြုထားကြ၍ ဖြစ်သည်။ (SKY)

## Another Simple Favor မှာ မင်းသား Michele Morrone ပါဝင်သည့် မှုခင်းလောကအကြောင်းဖြစ်

၂၀၁၈ခုနှစ်၏ Sequel ရုပ်ရှင်ကို ငါးနှစ်ကြာမှ ဇာတ်အိမ်တည်ထားသည့် Another Simple Favor မှာ မှုခင်းအစစ်အမှန်ဘလော့ကာတစ်ဦးအကြောင်းဖြစ်ပြီး မင်းသမီးနှစ်လက်နှင့်အတူ မင်းသားမစ်ရဲလီမိုရာနီပါဝင်ထားကြောင်း ရိုတေးရှင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်တွင် မှုခင်းအစစ်အမှန်ဘလော့ကာ အမျိုးသမီးက အစ်မဖြစ်သူ ထောင်ထဲရောက်ရခြင်းအကြောင်း စာအုပ်ထုတ်အောင်မြင်ခဲ့ရာမှ စာဖတ်ပွဲတွင် အစ်မဖြစ်သူက ခံဝန်နှင့်လွတ်မြောက်လာပြီး အီတလီသူဌေးနှင့် လက်ထပ်ပွဲတွင် သတို့သမီးအရန်လုပ်ရန် ဖိတ်ခဲ့ရာမှ စတင်ခဲ့သည့် ဇာတ်လမ်းဖြစ်သည်။

မှုခင်းအစစ်အမှန်ဘလော့ကာအဖြစ် မင်းသမီးအန်နာကန်ဒရစ်၊ အစ်မဖြစ်သူအဖြစ် မင်းသမီးဘလက်ကီလစ်ဘရီနှင့် အစ်မ ခင်ပွန်းလောင်းအဖြစ် မင်းသားမစ်ရဲလီမိုရာနီတို့က ပါဝင်ထားကာ ၂၀၂၅ ခုနှစ်တွင် ထွက်ရှိလာပြီး IMDb 7.0 ရရှိထားသည်။ (SKY)




## Li Qin ပါဝင်သည့် Fated Heart ဇာတ်ကားပရိသတ်ကြား ရေပန်းစား

တရုတ်အနုပညာရှင်လောကမှ IQIYI ၏ ဒရမ်မာဇာတ်လမ်းတွဲများ နမူနာထွက်ရှိလာရာ လီကျင်း ပါဝင်ထားသည့် Fated Heart ဇာတ်ကားမှာ ပရိသတ်ကြား ရေပန်းစားခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါဇာတ်ကားတွင် လီကျင်းနှင့် ချန်ရှီယွမ်တို့ အဓိကပါဝင်ထားပြီး အမြင်သစ်နှင့် တင်ဆက်ထားရာ နမူနာပြသချိန်တွင် ပရိသတ်အားပေးထားကြပြီး ကြည့်ရှုရန် မျှော်လင့်နေသည့်ဇာတ်ကားများမှာ A Love Never Last, Love In Pavilion, The Journey of Legend, Sword And Belove, Feud, Fated Chooses You, Fated Choose You, Fated Hearts စသည့်တို့ ပါဝင်ခဲ့သည်။

အနုပညာ ပလက်ဖောင်းဖြစ်သည့် Tencent မှာလည်း The Journey of Legend အပါအဝင်ဆယ်ကား၊ Youku မှ Zang Hai Zhuan အပါအဝင် ဆယ်ကားတို့ကို ပရိသတ်စောင့်မျှော်နေကြသည်။ (SKY)



## ကာဗွန်ပြွန်များက စွမ်းအင်ပိုမိုမြင့်မားသော အလင်းထုတ်လွှတ်နိုင်

ဂျပန်အခြေစိုက်ရီကန်းသုတေသနအဖွဲ့အစည်းမှ သိပ္ပံပညာရှင်များသည် ကာဗွန်ပစ္စည်းများနှင့် အလင်းတို့အကြား အပြန်အလှန်သက်ရောက်မှု၊ အမှောင်အက်ဆီတွန်များ ဖွဲ့စည်းခြင်းကြောင့် ၎င်းတို့စုပ်ယူသည့်အလင်းထက် စွမ်းအင်ပိုမိုမြင့်မားသောအလင်းကို မည်သို့ထုတ်လွှတ်နိုင်ကြောင်း မကြာသေးမီကဖော်ထုတ်နိုင်ခဲ့သည်။

အဆင့်မြင့် အလင်းရူပဗေဒပညာရှင် ဂျပန်သုတေသီသုံးဦးသည် အလွန်ပါးလွှာသည့် ကာဗွန်ပြွန်များက ၎င်းတို့စုပ်ယူသည့် အလင်းထက် စွမ်းအင်ပိုမိုမြင့်မားသောအလင်းကို မည်သို့ထုတ်လွှတ်နိုင်ကြောင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းအံ့ဖွယ်ရှာဖွေတွေ့ရှိမှုသည် နေစွမ်းအင်စုဆောင်းခြင်းနှင့် အဆင့်မြင့်ဇီဝပုံရိပ်ဖော်ခြင်းဆိုင်ရာ နည်းပညာအသစ်များအတွက် လမ်းဖွင့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ (SCI)

## Rose, Jimin နှင့် RM တို့ Amerisan Music Awards ပွဲတွင် ဆန်ခါတင်ဆုစာရင်းဝင်ခဲ့

အမေရိကန်ဂရမ်မီဆုပေးပွဲအပြီး ဒုတိယအကြီးမားဆုံးဂီတဆုပေးပွဲ Amerisan Music Awards (AMAS) ပွဲတွင် ကေပေါ့ပ်အဖွဲ့ဝင် ရိုစီ၊ ဂျီမင်နှင့် အာရ်အမ်တို့ ပထမဦးဆုံးဆန်ခါတင်ဝင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ အဆိုပါဆုပေးပွဲကို ၂၀၂၂ ခုနှစ်အပြီး အနားယူခဲ့ရာမှ ၂၀၂၅ ခုနှစ် မေ ၂၆ရက်တွင် ကျင်းပမည်ဖြစ်ရာ မဲအရေအတွက်ပေါ် မူတည်၍ ရိုစီ၊ ဂျီမင်၊ အာရ်အမ်တို့သုံးဦးက စတေရီကစ်၊ အေတင်း စသည့်အဖွဲ့များနှင့်အတူ ဆန်ခါတင်ဝင်ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် Favorite Kpop Artist ဆုကို စတင်ပေးအပ်ခဲ့ရာမှ ဘီတီအက်စ်အဖွဲ့က Favorite K-pop Artist နှင့် Favorite Pop Duo or Group ဆုနှစ်ဆု ရရှိထားသည်။ (SKY)



## Exploring The Unknow With Wang Yibo ၏ မှတ်တမ်းရုပ်ရှင် အပိုင်း(၂)လာမည်

တရုတ်အနုပညာရှင်ဝမ်ရိဘို၏မှတ်တမ်းရုပ်ရှင် အပိုင်းနှစ်ကို ဆက်လက်ရိုက်ကူးရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်ရိဘိုကိုယ်တိုင် ရှာဖွေစွန့်စားခန်းများနှင့် ရိုက်ကူးထားသည့် ရေခဲမြစ်များထိန်းသိမ်းကာကွယ်ရေး လှုပ်ရှားမှုမှတ်တမ်းရုပ်ရှင်ကို ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ယူနက်စကိုဟိုကိုတာတွင် ကျင်းပသည့်ပွဲ၌ ပြသခဲ့ပြီး စွန့်ဦးရှေ့ဆောင်သူအဖြစ် သတ်မှတ်ခံခဲ့ရသည်။

ဝမ်ရိဘိုက ရေခဲမြစ်များ အရည်ပျော်ခြင်း၏ အရေးပေါ်လက္ခဏာရပ်များကို ကမ္ဘာကြီး ဆီရောက်ရန် ဆက်လက်ကြိုးစားပေးပို့သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ အသံနှင့်လှုပ်ရှားဆောင်ရွက်မှုကို ကမ္ဘာကြီးသိအောင် ပြသသွားမည်ဟု ပြောကြားထားသည်။ ဒုတိယခြေလှမ်းမှတ်တမ်းရုပ်ရှင်အဖြစ် Exploring The Unknow With Wang Yibo ကို ဆက်လက်ရိုက်ကူးတော့မည်ဖြစ်ကြောင်း ကြေညာထားသည်။ (SKY)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီး၊ ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေဖြင့် မြစ်သားမြို့နယ်အတွင်း ပြက္ခဒိန်ရွေတောင်တက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၅-၆-၂၀၂၅ (ကြာသပတေးနေ့) ရုံးချိန်အတွင်း
(ခ) တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ရက် - ၂၆-၆-၂၀၂၅ (ကြာသပတေးနေ့) ရုံးချိန်အတွင်း
(ဂ) တင်ဒါပုံစံတင်သွင်းမည့်နေ့ရက် - ၂၇-၆-၂၀၂၅ (သောကြာနေ့) ရုံးချိန်အတွင်း
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံး၀(လုံး၀) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အိတ်ဖွင့်တင်ဒါတင်ပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (၀၂-၂၈၄၄၉၉၃၊ ၀၂-၄၀၃၆၉၂၃)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီး၊ ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေဖြင့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင် ဧည့်ရိပ်သာဆောက်လုပ်ခြင်း လုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၅-၆-၂၀၂၅ (ကြာသပတေးနေ့) ရုံးချိန်အတွင်း
(ခ) တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ရက် - ၂၆-၆-၂၀၂၅ (ကြာသပတေးနေ့) ရုံးချိန်အတွင်း
(ဂ) တင်ဒါပုံစံတင်သွင်းမည့်နေ့ရက် - ၂၇-၆-၂၀၂၅ (သောကြာနေ့) ရုံးချိန်အတွင်း
(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး

၂။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများအား လုံး၀(လုံး၀) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အိတ်ဖွင့်တင်ဒါတင်ပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (၀၂-၂၈၄၄၉၉၃၊ ၀၂-၄၀၃၆၉၂၃)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ဥတု ရာသီ တော ကိုမှီ ၏

# စိုက် ပျိုး ရေး က ဏ္ဍ

## မြန်မာ့ပေါ်ဆန်းဆန်ကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချရန် စီစဉ်နေ



**မန္တလေး မေ ၂၄**

မြန်မာ့ပေါ်ဆန်းဆန်ကို ခေတ်မီထုတ်ပိုးမှုပုံစံတွေနဲ့ နိုင်ငံတကာဈေးကွက်ကို တင်ပို့ရောင်းချဖို့ စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှ သိရသည်။

"အရောအနှောကင်းပြီး ပစ္စည်းမှန်၊ အရည်အသွေးမှန်၊ ဈေးနှုန်းမှန်တဲ့ မြန်မာပေါ်ဆန်းမွှေး (Fragrant Rice)အဖြစ် နိုင်ငံတကာဈေးကွက်ကို ခေတ်မီ ထုပ်ပိုးမှုပုံစံတွေနဲ့ တင်ပို့ရောင်းချသွားဖို့ စီစဉ်နေပါတယ်"ဟု ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

မြန်မာ့ပေါ်ဆန်းဆန်ကို နိုင်ငံတကာဈေးကွက်ထံ တင်ပို့နိုင်ရေးအတွက် "Myanmar Pawsan Rice Foundation" ကို တည်ထောင်ပြီး စိုက်ပျိုးသူတွေ အပါအ၀င် ကုန်သည်၊ စက်ပိုင်ပါ၀င်တဲ့ အစုအဖွဲ့တစ်ခု ဖွဲ့စည်းကာ မျိုးကောင်းမျိုးသန့်မှစပြီး သုတေသနလုပ်ငန်းတွေလည်း ဆောင်ရွက်သွားရန်ရှိသည်။

လက်ရှိမှာ ပေါ်ဆန်းဆွေးနွေးပွဲတွေကို ခရိုင်အလိုက်ပြုလုပ်နေပြီး ဖျာပုံ၊မြောင်းမြနဲ့ လပွတ္တာမြို့တို့မှာ ဆွေးနွေးမှုတွေ ပြုလုပ်ပြီးစီးပြီဖြစ်ကြောင်း MRF က ပြောသည်။

MRF အနေဖြင့် မြန်မာ့ပေါ်ဆန်းကို နိုင်ငံတကာဈေးကွက်မှာ မြန်မာအမှတ်တံဆိပ်တစ်ခုအဖြစ် မြှင့်တင်လိုတာကြောင့် ဒေသဆိုင်ရာအညွှန်း (G.I) ရရှိရေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်းမှာ ပေါ်ဆန်းစိုက်ဧက တစ်သန်းခွဲခန့်သာရှိတာကြောင့် ပြည်ပတင်ပို့လိုပါက အထွက်နှုန်းတိုးလာရေးကို ဦးစားပေးဆောင်ရွက်သင့်ကြောင်း သုံးသပ်မှုတွေလည်း ရှိနေသည်။

လက်ရှိမှာ နိုင်ငံတကာဈေးကွက်ကို ဧည့်မထ/ငစိန် အုပ်စုဝင်တွေဖြစ်တဲ့ ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန်ရာကျော်၊ ကရင်မ၊ ထွန်းပု၊ GW-11 ၊ ဧရာရှပ်၊ ၇၄၇၊ သီးပု၊ ကောက်နံ့စသည့် ဆန်ကြမ်းတွေကိုသာ အဓိကတင်ပို့နေကြောင်းသိရသည်။

(အပေါ်ဝဲပုံ)
**အောင်မြင့်မြတ်**
**(စိုက်ပျိုးရေးသတင်းထောက်)**

## မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၃၁၆ ဧက စိုက်ပျိုးမည်

**ပွင့်ဖြူ မေ ၂၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၃၁၆ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၂၃၁၆ ဧကထိ စိုက်ပျိုးရန် လျာထားပြီး သတ်မှတ်စိုက်ဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေး ယခုနှစ် ဇွန်လမှစတင်ပြီး စက်တင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်သည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဖူးစားပြောင်း ၂၃၁၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ကြိုးကြပ်ဆောင်ရွက်သွားမှာပါ။ ဖူးစားပြောင်းစိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းဖို့နဲ့ ပိုးမွှားရောဂါ ကင်းရှင်းစေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးထွက်ရှိလာမည့် ဖူးစားပြောင်းတွေ အရည်အသွေး ကောင်းမွန်စေဖို့နဲ့ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေဖို့ GAP စိုက်ပျိုးရေးနည်းစနစ်နဲ့အညီ စိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံရာသီ၌ ဖူးစားပြောင်းစိုက်ပျိုး တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက ဖူးစားပြောင်းများ အထွက်နှုန်းတိုးတက်စေရေး ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုရေး၊ မြေဩဇာနှင့် စိုက်ပျိုးရေးသွင်းအားစုများ မှန်မှန်ကန်ကန် သုံးစွဲရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၄၅)

## မိုင်းယောင်း၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မိုင်းယောင်း မေ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၊ဝမ်ဘိုးကျေးရွာအုပ်စု၊ ဝမ်ဘိုးကျေးရွာ၌ ယနေ့ နံနက်ပိုင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတစေရေး၊ အပူဒဏ်ကာကွယ်နိုင်ရေးနှင့် သစ်တော၊ သစ်ပင်တန်ဖိုးများအား အလေးထားသိရှိနိုင်စေရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မိုင်းဖြတ်မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်ဌေး၊ မိုင်းယောင်းမြို့နယ်မှ သစ်တောတာဝန်ခံ ဦးဝင်းခိုင်နှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၁၅၅ ဦး တက်ရောက်ပြီး သစ်ပင်စိုက်ပျိုးရန် သတ်မှတ်နေရာများ၌ ကျွန်း၊ မန်ကျည်းရှား၊ စိန်ပန်းနီ၊ ခရေ၊ မဲဇလီ၊ ငုစပ်၊ ကံ့ကော်စုစုပေါင်း၂၅၀ပင်အား စနစ်တကျစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ယာပုံ)
**ရာဇီ(ပြန်/ဆက်)**



## မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်ပေါင်း ၁၀၀၀၀ ပျိုးထောင်ထားရှိ

**မိုင်းဆတ် မေ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့တွင် ၂၀၂၅ ခုနှစ် မိုးရာသီကာလအတွင်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် တပ်ရင်း၊တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ အခမဲ့ရယူစိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ မြို့သစ်တောဦးစီးဌာနက ပျိုးပင်ပေါင်း ၁၀၀၀၀ ပျိုးထောင်ထားသည်။

သစ်ပင်များစိုက်ပျိုးခြင်းဖြင့် မြေဆီမြေဩဇာ တိုးပွားစေပြီး အပူချိန်ထိန်းညှိပေးနိုင်ခြင်း၊ ရေလွှမ်းမိုးခြင်းကို ထိန်းသိမ်းပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ရေး ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးရန်အတွက် ကျွန်း ၃၀၀၀ ပင်၊ ပျဉ်းကတိုး ၁၀၀၀ ပင်၊ ပိတောက် ၁၀၀၀ပင်၊ မန်ကျည်းရှား ၁၀၀၀ပင်၊မဲဇလီ ၃၀၀၀ပင်နှင့် စိန်ပန်းနီ ၁၀၀၀ပင်၊စုစုပေါင်း ပျိုးပင် ၁၀၀၀၀ အား သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် ပျိုးထောင်ထားကြောင်း မြို့သစ်တောဦးစီးဌာန တောအုပ် ဦးအောင်နိုင်ဦးက ပြောသည်။

အဆိုပါ ပျိုးပင်များအား တပ်ရင်း၊တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ စာသင်ကျောင်းများနှင့် ဒေသခံပြည်သူများသို့ စုစုပေါင်း ပျိုးပင် ၁၀၀၀ကျော်ကို အခမဲ့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကာ မိုးရာသီကာလအတွင်း သစ်ပင်စိုက်ပျိုးရန် လိုအပ်သူများအနေဖြင့် အမှတ်(၂) ရပ်ကွက်(ဝမ်ဝိန်း)ရှိ မြို့သစ်တောဦးစီးဌာနတွင် ပျိုးပင်များ(အခမဲ့)သွားရောက် ထုတ်ယူနိုင်ကြောင်း သိရသည်။

(အောက်ပုံ)
**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်အမှတ်(၇၆-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ ဦးအောင်ရွှေ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ယဉ်ယဉ်ဆွေ (ခ)ဒေါ်ကွေ့ဖန် (ဘ)ဦးဝမ်ကင်ဟော့(၅/ခတန(နိုင်)၀၀၄၀၄၁) ကိုင်ဆောင်သူများထံမှ ဒေါ်လှကျင် (ဘ)ဦးလှဖေရှင်း(၅/ခတန(နိုင်)၀၀၄၁၉၆)ဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးဝင်ငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်လှကျင် (ဘ)ဦးလှဖေရှင်း**
**(၅ /ခတန(နိုင်)၀၀၄၁၉၆)**
**ပေါ်မိုင်းရပ်၊ ခင်္ဂီးမြို့။**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန္ဒာအောင်(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်–၅၃၇၄၁)/ နေ့စွဲ(၂၈–၁၁–၂၀၂၀)**
**၁၁၄လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၇၉၇၇၁၁၄၂၂**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခေ-၄၅)၊ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်အေးတင်အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (မြောက်ဘက်အစွန်းဆုံးအခြမ်း) အရှေ့အနောက်ပေ(၄၀)၊ တောင်မြောက်(၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်နွေသက်ပိုင်စိုး(ဘ)ဦးကြည်စိုး(၁၃/လရန(နိုင်)၁၄၅၇၈၅)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး (LL.B)ဦးဝေဖြိုးအောင် (LL.B)ဒေါ်မှုးမှုးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(TNS Law Firm & Legal Services)**
**(နန–၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့်၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊မန္တလေးမြို့။**
**ဖုန်း ၀၉–၄၀၂၅၇၆၃၄၈၊ ၀၉–၉၄၈၀၀၀၀၃၉၊ ၀၉–၇၇၅၂၀၈၀၂၀၊ ၀၉–၂၅၉၁၁၈၅၆၁**

## ပျောက်ဆုံးကြောင်း

အိမ့်သီရိမွန်(ဘ)ဦးထွန်းစိန် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မငန(နိုင်)၀၀၈၁၆၉)ကိုင်ဆောင်သူ၏ Passport No. MF 732480 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**အိမ့်သီရိမွန် ဖုန်း ၀၉–၆၆၆၃၉၃၈၇၅**

## အမည်မှန်

**(ဘ)ဦးအောင်ဇင်ထိုက်**၏ သမီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-4 မှ **မအိမ့်ကြာဖြူ**မှာ အိမ်ထောင်စုစာရင်းအရ **မအိမ့်ကြာဖြူစင်** ဖြစ်ပါကြောင်း။

**မအိမ့်ကြာဖြူစင်**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၆၀(C)လမ်း၊ ၁၃၀လမ်းနှင့်၁၃၁လမ်းကြားတွင် တည်ရှိသော အကွက်အမှတ်(ခေ-၉)၊ ဦးပိုင်အမှတ်(၇၇)၊ ဧရိယာဧက (၀ ဒသမ ၀၅၅)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးမောင်ငယ် (၉/ပဘန(နိုင်)၁၄၉၉၃၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**

**အိမ်အမှတ်(ဒ–၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့်လမ်း၄၀ကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း: 09-2070007 , 09-792070007 , 09-43250000**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၆)အတွင်းရှိ ဦးပိုင်အမှတ်(၁၂၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးချို အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ဦးပိုင်အမှတ်(၁၂၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးထွန်းရှိန် အမည်ပေါက် ဂရန်မြေ(၂)ကွက်တွဲနှင့်တကွ ယင်းမြေ (၂)ကွက်တွဲပေါ်ရှိ (၁)ထပ်အိမ် (၁)လုံး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက မူလပိုင်ရှင် ဦးချိုနှင့် ဦးထွန်းရှိန်တို့ ကွယ်လွန်ပြီးနောက် အမွေဆက်ခံစာချုပ်အမှတ်-(၁၀၉၁/၂၀၂၃)နှင့် (၂၉၂၈/၂၀၂၂)တို့အရ တရားဝင် ပိုင်ဆိုင်ထားသူ ဒေါ်နုနုတင်(ပါ-၂)နှင့် ဒေါ်အေးခင်တို့ထံမှ ဝယ်ယူခဲ့ပြီး တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပါ ရောင်းချသူ ဦးမြင့်သိန်း (ဘ)ဦးကျင်ရွှတ်(၉/မရတ(နိုင်)၁၀၆၈၁၄)ထံမှ တစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၂၆၆)**
**၃၉ (E)လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၄၀၉၉၇၇၈၈၊ ၀၉–၉၇၂၉၀၇၇၈၈၊ ၀၉–၄၃၁၁၅၅၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၇၄-ဖ/၁)၊ ဧရိယာ(၀ ဒသမ ၀၆၆၄)ဧက အကျယ်အဝန်းရှိ ဦးအောင်ကျော်ကျော်(ပါ-၂) အမည်ပေါက်ရှိ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်များ၊ ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်-မြေအောက် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အားလုံးတို့အား မိမိတို့လင်မယားနှစ်ဦး အမည်ပေါက်ရှိပြီး တရားဝင် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိပါကြောင်း အဆိုပြု ရောင်းချသူများဖြစ်သော (၁) ဦးအောင်ကျော်ကျော်(ဘ)ဦးစိန်မောင်(၉/မနမ(နိုင်)၀၆၃၆၀၇)နှင့် (၂) ဒေါ်နွယ်ဉ်ချို(ဘ)ဦးသန်းမြိုင်(၉/မနမ(နိုင်)၁၀၄၃၉၈)တို့ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၂၆၆)**
**၃၉ (E)လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၄၀၉၉၇၇၈၈၊ ၀၉–၉၇၂၉၀၇၇၈၈၊ ၀၉–၄၃၁၁၅၅၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၂)၊ ဦးပိုင်အမှတ်(၁၀၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်မြတ်မြတ်လင်း အမည်ပေါက်ရှိသော (၁၀၈)လမ်းအတင် ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၁)ထပ်အိမ် (၁)လုံး အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်များ အရပ်ရပ်အားလုံးတို့မှာ မိမိ၏ဇနီးဖြစ်သူ ဒေါ်စန်းဖြူဖြူမြင့်မှ ဂရန်အမည်ပေါက်သူထံမှတစ်ဆင့် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး ဇနီးဖြစ်သူ ကွယ်လွန်ပြီးနောက် တရားဝင်တစ်ဦးတည်းသော ခင်ပွန်းဖြစ်သူ မိမိက အမွေရ၍ တရားဝင်ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဦးအောင်ထက်ဦး (ဘ) ဦးအောင်နိုင်(၉/မဟမ(နိုင်)၁၀၃၀၂၆)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၂၆၆)**
**၃၉ (E)လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၄၄၀၉၉၇၇၈၈၊ ၀၉–၉၇၂၉၀၇၇၈၈၊ ၀၉–၄၃၁၁၅၅၂၈**

## တစ်ဦးတည်းဖြစ်ပါကြောင်း

(ဘ) ဦးအောင်ဝင်း (သမီး) မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်နေ **မနွေနွေငြိမ်း** နှင့် **မနွေးနွေးငြိမ်း** သည် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်အောင်လက်မှတ်၊ ဝန်ထမ်းစိစစ်ရေးကတ်အရ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မနွေနွေငြိမ်း(ခ)မနွေးနွေးငြိမ်း**
**(၉/မထလ(နိုင်)၂၁၇၉၁၅)**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၈)၊ ဦးပိုင်အမှတ်(၇၅)၊ လမ်း၈၀နှင့်၈၁လမ်းကြား၊ ၃၉လမ်းနှင့်လမ်း၄၀ကြားရှိ ဦးသန်းဦး အမည်ပေါက်ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၈၆၁/၂၀၁၂)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ပြုံးတင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၆၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာထွေး(၁၃/တကန(နိုင်)၁၅၁၁၆၂)က အမှုတွဲအမှတ်(၀၀၀၉/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူးသို့ ပြစ်မဲကိုန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကျွန်တော်တို့အစိုးရအနေနဲ့ " ရှေ့သို့ချီမည်ပန်းတိုင်ဆီ" ဆိုတဲ့ဆောင်ပုဒ်အတိုင်း ကျွန်တော်တို့အားလုံး "မြန်မာ" ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ရှေ့ကိုချီတက်ကြတဲ့နေရာမှာ NCA ကို လေးစားလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာလည်း ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့စိတ်နဲ့ အချင်းချင်း ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနဲ့ ချမှတ်ထားပြီးသား ကတိကဝတ်များကို လိုက်နာစောင့်ထိန်းသွားကြဖို့ လိုပါတယ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျရောက်သော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက်နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အလုပ်သမားဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ရုံးများ ပြန်လည်ပြုပြင်နေမှုနှင့် ယာယီရုံးများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဦးမျိုးသန့်နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အလုပ်သမားဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့သို့ သွားရောက်၍ ရုံးများ ပြန်လည်ပြုပြင်နေမှု အခြေအနေများ၊ ယာယီရုံးများဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် အလုပ်သမားဝန်ကြီးဌာနအဆောက်အအုံများဆောက်လုပ်မည့် လျာထားမြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးရုံးအဆောက်အအုံ ပြန်လည်ပြင်ဆင်ရန်ဆောင်ရွက်နေမှု၊ မြေထိန်းနံရံများဖြင့် ကြံ့ခိုင်ရန် ဆောင်ရွက်မည့်အခြေအနေ၊ ယာယီရုံး Prefabricated Office များ ဆောက်လုပ်ပြီး ရုံးခန်းများဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ထပ်မံဆောက်လုပ်မည့် ယာယီရုံး Prefabricated Office များ ဆောက်လုပ်ရန် ကြိုတင်လျာထား၍ ရောက်ရှိလာပါက အမြန်တပ်ဆင်တည်ဆောက်သွားရန်တို့ကို မှာကြားသည်။





ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့သွားရောက်၍ ယာယီရုံး Prefabricated Office များ ဆောက်လုပ်ပြီးစီးမှု၊ ရုံးအဆောက်အအုံ နှစ်လုံးပြင်ဆင်ပြီးစီးမှုများကို ကြည့်ရှုပြီး ထပ်မံရောက်ရှိလာမည့် ယာယီရုံး Prefabricated Office များကို ကြိုတင်နေရာသတ်မှတ် တည်ဆောက်သွားရန်နှင့် ရွှေ့ပြောင်းမည့်အစီအမံ အသေးစိတ်ကို ကြိုတင်စီစဉ်ဆောင်ရွက်သွားရန်တို့ကို မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အီတလီစီးရီးအေ ချန်ပီယံဆုအား နာပိုလီအသင်း ဆွတ်ခူး

တူရင် မေ ၂၄

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အီတလီစီးရီးအေ ချန်ပီယံဆုအား နာပိုလီအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

နာပိုလီအသင်းသည် ယခုနှစ် ဘောလုံးရာသီ စီးရီးအေပွဲစဉ်အားလုံး ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၈၂ မှတ်ဖြင့် အဆင့် ၂နေရာမှ အင်တာမီလန်အသင်းအား တစ်မှတ်အသာဖြင့် ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



နာပိုလီအသင်း စီးရီးအေ ချန်ပီယံဆုရယူနိုင်ခဲ့ပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက် အောင်ပွဲခံခဲ့ကြသည်။

နာပိုလီအသင်းသည် စီးရီးအေ ချန်ပီယံဆုအား ၁၉၈၇၊ ၁၉၉၀၊ ၂၀၂၃၊ ယခု ၂၀၂၅ စုစုပေါင်း လေးကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(NGB)

## အမျိုးသမီး ချန်ပီယံလိဂ် ချန်ပီယံဆုအား အာဆင်နယ်အမျိုးသမီးအသင်း ဆွတ်ခူး

လန်ဒန် မေ ၂၄

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အမျိုးသမီး ချန်ပီယံလိဂ် ချန်ပီယံဆုအား အာဆင်နယ်အမျိုးသမီးအသင်းက ဆွတ်ခူးခဲ့သည်။

အာဆင်နယ် အမျိုးသမီးအသင်းသည် အမျိုးသမီး ချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်တွင် ဘာစီလိုနာအမျိုးသမီးအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အမျိုးသမီးအသင်းအတွက် ချန်ပီယံဖြစ်စေမည့် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၇၄မိနစ်တွင် ဘလက်ခ်စတီနီး ယပ်စ်က သွင်းယူပေးခဲ့သည်။

အာဆင်နယ် အမျိုးသမီး အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် အမျိုးသမီးချန်ပီယံလိဂ် ချန်ပီယံဆုကို နှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(NGB)

